RABINDRANATH TAGORE

# THE FUGITIVE

# မြသန်းတင့်

# ထိမ်းရှောင်သူ

# တိမ်းရှောင်သူ

လောကနိယာမတရား

အို ထာဝရ တိမ်းရှောင်သူ
သင်သည် အရမ်းကာရော ပြေးလွှားဘိ၏။
ခန္ဓာကိုယ်မဲ့သော သင်၏
ရေးကြီးသုတ်ပျာ နှိုင်မှုတစ်ဝိုက်တွင်
ငြိမ်သက်သော ဟင်းလင်းပြင်သည်
အလင်းရောင် ဝဲဂယက် ပူဖောင်းများအဖြစ်
များယာခတ်လျက်ရှိ၏။

အတိုင်းအဆမရှိသော
အထီးကျန်ဘဝထဲမှာ ဇော်လျက်ရှိသော ချစ်သူထံတွင်
သင့်နှလုံးသားကို ပေးအပ်ခဲ့ပြီလော။

ထုံးနှောင်ထားသည့် သင့်ဆံနွယ်တို့သည်
မုန်တိုင်းဆန်သော ဖရိုဖရဲအသွင်သို့ ရောက်ခဲ့ပြီ။
ကြိုးပြတ်သော ဘယက်တစ်လုံးမှ ပြုတ်ထွက်သည့်နှယ်
မီးပျို့ပုလဲလုံးတို့သည် သင့်လမ်းတစ်လျှောက်
ကြိုးပြတ်သော ဘယက်တစ်ကုံးမှ ပြုတ်ထွက်သည့်နှယ်
မီးပျို့ပုလဲလုံးတို့သည် သင့်လမ်းတစ်လျှောက်တွင်
တလိမ့်လိမ့် ပြန့်နှံ့ခဲ့ကြပြီ။
သို့ဖြစ်ရခြင်းသည် သင်၏အဆောတလျင် ဖြစ်မှုကြောင့်လော။

လှစ်ခနဲ ပြေးသွားသော သင့်ခြေလှမ်းများသည်
ဤကမ္ဘာမြေကြီး၏ ဖုန်မှုန့်များကို
ပျိုမြအောင် နမ်းရှုပ်သွားကြလေ သလော။
အဖြုန်းအတီး၊ အညစ်အကြေးအားလုံးကို ဘေးဖယ်ကာ
ကခုန်နေသော သင့်ကိုယ်လက်အင်္ဂါများကို ဗဟိုပြုထားသည့်
မုန်တိုင်းသည် ဘဝရေပြင်ပေါ်ဝယ်
မရေကာမိုးပေါက်တို့ကို လှုပ်ခါ၍
ဘဝကို ရှင်သန်စေခဲ့သည် တကား။

ရုတ်တရက် မောပန်း၍ သင်အပြေးရပ်လိုက်လျှင်
ကမ္ဘာကြီးသည် အပျက်အစီးပုံကြီး တစ်ခုဖြစ်သွားတော့အံ့။
အသေးငယ်ဆုံးသော ဖုန်မှုန့်ကလေးသည်ပင်
ပြင်းထန်သော ဖိနှိပ်မှုကြောင့် အဆုံးအစမရှိသော
မိုးကောင်းကင် အကာကြီးကို ထိုးဖောက် ပျံတက်သွားတော့အံ့။
ငါ့အတွေး များသည်
မမြင်ရသော သင့်ခြေထောက်များ၏ နရီစည်းချက်ဖြင့်
လျင်မြန်သွက်လက်လျက်ရှိကြ၏။ ထိုခြေထောက်တွင်
အလင်းရောင် ခြေကျင်းတို့သည် လှုပ်ယမ်းလျက် ရှိကြကုန်၏။

ထိုခြေကျင်းတို့သည် ငါ့နှလုံးသား၏ သွေးခုန်နှုန်းထဲတွင်
ပဲ့တင်ထပ်လျက် ရှိကြကုန်၏။ အိုမင်းသော ပင်လယ်၏
ဓမ္မတေးသီချင်းတို့သည် ငါ့သွေးထဲတွင်
နိမ့်မြင့် ထကြွလျက် ရှိကြကုန်၏။

ငါ့ဘဝကား
ကမ္ဘာတစ်ခုမှ ကမ္ဘာတစ်ခုသို့
ဘုံတစ်ခုမှ ဘုံတစ်ခုသို့ ပို့ဆောင်ပေးနေသည့်
မိုးကြိုးထစ်သကဲ့သို့သော ဒီရေတက်သံတို့ကို
ငါ ကြားရ၏။
ထိုဒီရေသည် ငါ၏ အတ္တအား
အဆုံးမရှိသော ရေပန်းရေမွှား လက်ဆောင်များအဖြစ်သို့
ဖြန့်ကြဲပေးစေလျက်ရှိ၏။ သောကနှင့်
တေးသီချင်းများ အဖြစ်သို့ ပြောင်းလဲပေးလျက် ရှိ၏။

ဒီရေသည် မြင့်တက်လာခဲ့ပြီ။
လေသည် ပြင်းစွာတိုက်ခတ်လာခဲ့ပြီ။
အို ငါ့နှလုံးသား။ သင်၏ ဆန္ဒကဲ့သို့ပင်
လှေငယ်သည် လှုပ်ယမ်းလျက် ရှိပါ၏။

ကုန်စည်တို့ကို ကမ်းတွင် ထားရစ်ကာ
အတိုင်းအဆမရှိသော အမှောင်ကို ဖြတ်သန်း၍
အတိုင်းအဆမရှိသော အလင်းရှိရာသို့
ရွက်လွှင့်လေတော့။

ချစ်သူ့ တိုင်းပြည်

မှောင်စပျိုးပေါ့
ဘယ်လိုထူးဆန်းတဲ့ တိုင်းပြည်မျိုးကို
ကိုယ်ရောက်နေတာလဲကွယ်လို့
ငါ မေးမိတယ်။

ဒီတော့ သူက ပျော်လွှားပြီး ထွက်သွားတယ်။
သူ့ရေအိုးပွဲ လည်ပင်းထဲက ရောက
ဂလောက် ဂလောက်မြည်သံကို ပြုပြီး
ပလုတ်ကျင်း လို့။

ကမ်းပေါ်မှာ သစ်ပင်တွေ ဝိုးတိုးငါးတား။
ကြည့်ရတဲ့သူက အတိတ်က ရှုခင်းတစ်ခုကို
ကြည့်နေရသလိုပဲ။
ရေပြင်ကလဲ ဆွံ့အလို့။
ငါးပင်တွေကလဲ
ငြိမ်သက်စွာ မည်းမှောင်လို့။

ဟိုလမ်းကြားလေးဆီက ရေအိုးနှုတ်ခမ်းကို
လက်ကောက်နဲ့ထိသံ တချွင်ချွင် ပေါ်လာတယ်။
လှေကို မလှော်နဲ့တော့။ ဒီငုတ်တိုင်မှာပဲ ချည်ပေတော့။
သစ်ပင်မှာပဲ ချည်ပေတော့။
ဆိပ်ကမ်းလို ကြည့်ရတာက သဘောကျစရာ။

သောကြာကြယ်က
ဘုရားဝတ်ကျောင်း ပြာသဒ်နောက်ကို
ချွောကျသွားပြီ။
ရေဆိပ်ကို ဆင်းတဲ့ ကျောက်ဖြူလှေကားရဲ့ အရောင်က
မည်းမှောင်တဲ့ ရေပြင်ကို ခြောက်လှန့်လို့ နေတယ်။
နောက်ကျပြီး ရောက်လာတဲ့ ခရီးသည်တွေက
သက်ပြင်းချကြတယ်။
ကန့်လန့်ကာဖုံးထားတဲ့ ပြတင်းပေါက်တွေမှာ
အလင်းရောင်ဟာ
သစ်ရွက်တွေ ပြန့်ကျဲနေတဲ့
လမ်းဘေးက
သစ်ပင်ရိပ်နဲ့ချုံရိပ်တွေကြောင့်
အမှောင်ထဲမှာ
အစိတ်စိတ် အမွှာမွှာဖြစ်သွားကြတယ်။
ဝေးသွားတဲ့ ခြေသံတွေနဲ့ ရေအိုးနှုတ်ခမ်းကို
လက်ကောက်နဲ့ ထိသံကို
ခုထိ ခပ်သဲ့သဲ့ကြားနေရသေးတယ်။

ညက တဖြည်းဖြည်း နက်ရှိုင်းလို့ လာနေပြီလေ။
နန်းတော်ဘုံထွတ် ဘုံဆောင်တွေက
တစ္ဆေကြီးတွေလို
ကောင်းကင်မှာ မိုးနေကြတယ်။
မြို့ကပင်ပန်း နွမ်းနယ်စွာနဲ့
အုတ်ဂျောက်ဂျောက်မြည်လို့။

လှေကို ဆက်ပြီး မလှော်ပါနဲ့တော့
သစ်ပင်တစ်ပင်မှာ ချည်ထားလိုက်ပါတော့
ကြယ်ပွင့်တွေအောက်မှာ
ပျော့တော့စွာ လဲလျောင်းနေတဲ့
ထူးဆန်းတဲ့ ဒီတိုင်းပြည်မှာ နားနေပါရစေတော့။
အဲဒီမှာ အမှောင်ထုက
ရေအိုးနှုတ်ခမ်းကို ထိနေတဲ့
လက်ကောက်သံ တချွင်ချွင်နဲ့
ရောသွားတယ်လေ။

## လျှို့ဝှက်ချက်

နွေတိမ်တိုက်တွေထဲက မရွာသေးတဲ့ မိုးစက်များလို
ငါ့မှာ လျှို့ဝှက်ချက်တစ်ခု များရှိခဲ့ရင်

တိတ်ဆိတ်မှုထဲမှာ ထိုးသိပ်ထည့်ထားတဲ့
လျှို့ဝှက်မှု တစ်ခုများ ရှိခဲ့ရင်

ပြီးတော့ နေရောင်ရဲ့အောက် သစ်ပင်တွေကို
ဖြည်းညင်းတဲ့ ရေက
တဖျပ်ဖျပ် ပုတ်ကစားနေ
နေရာကလေးမှာ
သည်စကားတွေကို တီးတိုးပြောနေရမယ့် သူများရှိခဲ့ရင်

ငါ ဒီလျှို့ဝှက်ချက်ကို ဘယ်နေရာကိုပဲဖြစ်ဖြစ်
ဆောင်ယူသွားနိုင်ပါရဲ့။

ဒီညနေ တိတ်ဆိတ်မှုက ခြေသံတစ်ခုကို
ဖျော့လင့်နေသယောင်ယောင်။

ကိုယ့်မျက်ရည်တွေ ဘာကြောင့် ကျရသလဲလို့
မင်းကမေးတယ်။
ကိုယ် ဘာကြောင့် ငိုမိတယ်ဆိုတာကို
မင့်ကို ပြောမပြတတ်ဘူးကွယ်။

ဒါဟာလဲ ကိုယ့်ကို ခုထိ ကျို့ငှက်ထားတဲ့
ကျို့ငှက်မျက် တစ်ခုပေါ့။

## နှင်းစက်၏ မှာတမ်း

အို ပန်းပွင့်ငယ်
ငါသည် သင့်အဖို့ ညနှင့်တူ၏။
ငါသည် သင့်အား ငြိမ်းချမ်းမှုနှင့်
အမှောင်ထဲတွင် ဝှက်ထားသော
နိုးကြားသည့် တိတ်ဆိတ်မှုကိုသာ ပေးနိုင်စွမ်း၏။
မနက်လင်း၍ သင့်မျက်လုံးကို ဖွင့်လိုက်သည့် အခါတွင်
ငါသည် သင့်အား
ပျားတို့တဝီဝီမြည်နေသည့် ကမ္ဘာကြီး
ငှက်တို့၏ တေးသီတို့ဖြင့်
ပြည့်နေသည့် ကမ္ဘာကြီးနှင့်အတူ
ထားရစ်ခဲ့တော့အံ့။
ငါ့လက်ဆောင်သည်လည်း
သင့်ပျို့ရွယ်မှုဖြင့်
အနက်ရှိုင်းထဲတွင် ကျဆင်းသွားခဲ့သည့်
မျက်ရည်တစ်ပေါက်သာ ဖြစ်တော့အံ့။

ထို့ပြင် မျက်ရည်ပေါက်သည်
သင့်အပြုံးကို ပို၍ချိုမြိန်စေလိမ့်မည်။
နေ့၏ အကြင်နာကင်းသော ပျော်ရွှင်မှုကို
သင် မမြင်ရလေအောင်
နှင်းမြူသဖွယ် ပိတ်ကာဆီးပေးလိမ့်မည်။

ခေတ်ပြိုင် ကဗျာဆရာ

ဘုရင့်ဧဒဆိုတော်ကြီး ကာလီဒါသ နေရာ
ဥဇ္ဇေနီပြည်ကြီးမှာ ငါနေခဲ့ရရင်
မေလဝ သတို့သမီးငယ်တစ်ယောက်ကို ငါ သိချင်လိုက်တာ။
ပြီးတော့ ငါ့အတွေးတွေကို
သူ့အမည်ရဲ့ ဂီတနဲ့ ဖြည့်ထားချင်လိုက်တာ။
သတို့သမီးဟာ မျက်ဝန်းနက်နက်တွေနဲ့
ငါ့ကို လှမ်းကြည့်မှာပဲ။
သူ့ပငါစံပယ်ပွင့်တွေကြားထဲမှာ
ကျချင်ယောင်ဆောင်ပြီး
ငါ့အနားမှာ ရစ်ဝဲရစ်ဝဲ လုပ်နေမှာပဲ။

သည်အဖြစ်မျိုးဟာ
ဟိုအတိတ်တုန်းက ဖြစ်ခဲ့ဖူးတယ်လေ။
ခုတော့ ဒီအဖြစ်အပျက်ရဲ့'
ခြေရာကလေးတွေဟာ
အချိန်ရဲ့ ဧော်ရွက်တွေအောက်မှာ
ပျောက်ခဲ့ကြပေါ့။

သုခမိန်တွေဟာ
အဲဒီဇာတ်လမ်းကလေးရဲ့
တူပုန်းတမ်းကစားနေတဲ့ ခုနှစ်သက္ကရာဇ်တွေကို
သည်နေ့အထိ ငြင်းခုံနေကြတယ်။

ငါကတော့
ပြသန်းပျောက်ကွယ်သွားတဲ့ ခေတ်တွေကို
အိပ်မက်မက်ရင်း
ငါ့ အသည်းနှလုံးကို အကွဲမခံပါဘူး။
အလို၊ ဒါပေမယ့်
အဲဒီ ဗေလဝသတို့သမီးငယ်တွေဟာလဲ
အဲဒီခေတ်တွေနောက်ကို
လိုက်သွားကြပါပြီလား။

ဘုရင့်ဧဆိုင်တော်ကြီးရဲ့ ဧဝတွေကို
ကလိထိုးခဲ့တဲ့ အဲဒီခေတ်တွေတုန်းက
ဒီသတို့သမီးငယ်ကလေးတွေဟာ
သူတို့ရဲ့ ပန်းခြင်းတောင်းတွေကို
ဘယ်နိဗ္ဗာန်ဘုံဆီကိုများ
ယူဆောင်သွားလေမလဲလို့
ငါ စဉ်းစားမိတယ်။
ဒီနေ့ မနက်ကျတော့
ငါ အတွေး နောက်ကျလို့
မတွေ့လိုက်ရတဲ့ သူတွေနဲ့
ကွဲကွာရလေခြင်းလို့ တွေးမိပြီး
ငါ့ရင်ဟာ လေးနေတယ်။

ငါ့နှလုံးသားဟာလဲ
မရွှင်နိုင်ဘဲ ဖြစ်နေတယ်။

ဒါပေမယ့် တန်ရူးလဟာ
ဟိုတုန်းက သတို့သမီးငယ်တွေ
သူတို့ခေါင်းမှာ ပန်လေ့ရှိကြတဲ့
ပန်းပွင့်တွေကို ယူလာပြီလေ။
ပြီးတော့ ဟိုတုန်းက
သူတို့မျက်နှာဖုံး ပဝါတွေကို လှစ်ခဲ့တဲ့
တောင်လေညင်းဟာလဲ
ခုတို့ခေတ်က နှင်းဆီပန်းတွေကို
တီးတိုးစကား ပြောနေပြီလေ။

အမှန်ပြောရမယ် ဆိုရင်တော့
ကာလီဒါသရဲ့ လက်ရာတွေကို
မသိတော့ပေမယ့်လဲ
ဒီနွေဦးမှာ ပျော်စရာတွေ
မကောင်းခဲ့သေးပါဘူး။
တကယ်လို့သာ
ကာလီဒါသ ဆိုတို့ရဲ့
ဘုံဗိမာန်နန်းက
ငါ့ကို စောင့်ကြည့်နေမယ်ဆိုရင်
ငါ့ကို မနာလိုဝန်တိုဖြစ်မယ်ဆိုတာ
ငါ သိပါတယ်။

## နှလုံးသားသို့ အားပေးချက်

အို ငါ့နှလုံးသား၊
သူမ၏ အသည်းအတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်လေနှင့်။
အမှောင်ထဲတွင် ထားခဲ့လော့။

သူ့အလှသည် ကိုယ်ဟန်၌သာဖြစ်၍
သူ့အပြုံးသည် မျက်နှာတွင်၌သာ ဖြစ်သည့်တိုင်
ဘာအရေးကြီးသနည်း။
သူ့အကြည့်များ၏
ရိုးသားသော အဓိပ္ပာယ်ကို
သံသယမရှိ ခံယူလျက်
ပျော်ရွှင်စွာ နေလေတော့။

သူ့လက်မောင်းတို့ ငါ့ကိုရစ်ပတ်သည့် အခါတွင်
ထိုလက်မောင်းတို့သည် မာယာ၏
ပင့်ကူမျှင်များဖြစ်သည့်တိုင် ငါ မမှု။
အကြောင်းမူ ထိုပင့်ကူမျှင်တို့သည်
အဖိုးတန်၍ ရှားပါးသောကြောင့် ဖြစ်၏။
ငါသည် လိမ်လည်မှုကို ပြုံး၍ မေ့ပျောက်ပစ်နိုင်ပါ၏။

အို ငါ့နှလုံးသား
သူမအသည်းနှလုံးအတွက် စိုးရိမ်ပူပန်ခြင်း မဖြစ်လေနှင့်။
ဒေသားတို့သည် ယုံကြည်ဖွယ် မကောင်းသည့်တိုင်
ဂီတသည် အမှန်ဖြစ်ပါက ကျေနပ်ပါတော့။
အောက်တွင် မည်သို့ရှိစေ
ရေမျက်နှာပြင်ကို လိမ်လည်ကာ
လှိုင်းလုံးတို့ပေါ်တွင် ကခုန်ကြသည့် ပန်းကဲ့သို့
ကခုန်နေသော အလှဖြစ်သည်ကို ခံစားပါလော့။

# မိန်းမ

အို နတ်မိယယ် ကပြောသည် ဥဇာသီ
သင်သည် မိခင်လည်းမဟုတ်၊ သမီးငယ်လည်းမဟုတ်။
သတို့သမီးလည်း မဟုတ်ချေတကား။
သင်သည် နတ်ဘုံကို ပျက်ဆီးမည့်
မိန်းမသား တစ်ယောက်သာ ဖြစ်ချေ၏။

ဂွဲ နွား တိရစ္ဆာန်တို့ ပြန်လာရေ တင်းကုပ်သို့
ခြေကုန်လက်ပန်းကျနေသည့်
ညနေချမ်း ရောက်လာသည့်အခါတွင်
သင်သည် မီးအိမ်မှ
မီးဇာတို့ကိုလည်း ပြင်ဆင်ခြင်းမပြု။
တုန်ယင်သော အသည်းနှလုံး
ပြုံးယောင်သမ်းသော နှုတ်ခမ်းတို့ဖြင့်လည်း
သတို့သမီး၏ စက်ရာခန်းဆောင်သို့ သင် မသွား။
မှောင်မိုက်သော ညပြောသည် ပျို့ငှက်လှချေ၏ ဟု
သင်ဝမ်းမြောက်၏။
အို ဥဇာသီ
အရုဏ်ကဲ့သို့ သင့်တွင် မျက်နှာဖုံး ပငါမငါ။
အရှက်အကြောက်မရှိ။

သင့်ကို ဖန်ဆင်းပေးလိုက်သည့်
တစ်ခဲနက်သော ခမ်းနားမှုအပေါင်း တို့ကို
မည်သူ သိနိုင်မည်နည်း။
ညာလက်တွင် ဘဝ၏ခွက်ကို ကိုင်ကာ
ဘယ်လက်တွင် အဆိပ်ခွက်ကို ကိုင်လျက်
ပထမနွေဦး၏ ပထမနေ့တွင်
သင်သည် လှိုင်းတံပိုးတို့ ထကြွသော
ပင်လယ်မှ ထလာခဲ့၏။
အညှို့ခံရသော မြွေပမာ
ငြိမ်သက်နေသည့် ပင်လယ်သတ္တဝါကြီးသည်
သူ၏အမောက်ပေါင်း တစ်ထောင်ကို
သင့်ခြေရင်းတွင် ဝပ်စင်းဖြေလျှော့ချ၏။

သင်၏အစွန်းအထင်း မရှိသော ထွန်းလင်းမှုသည်
စံပယ်ပွင့်ကဲ့သို့ ဖြူဖွေးလျက်
ဟာလာဟင်းလင်းဖြစ်လေ့ရှိသော
ရေမြှုပ်ထဲမှ ပေါ်ထွက်လာခဲ့၏။
အို ဥဗ္ဗသီ၊ အို ထာဝစဉ် တည်ရှိသော နုပျိုခြင်း၊
သင်သည် အစဉ်အမြဲ
ရှက်ကြောက်တတ်သလော။
ယခုကဲ့သို့ပင် သေးငယ်သလော။
သို့တည်းမဟုတ် အဖူးအငုံထဲတွင် ရှိသလော။

သန္တာများ၊ ပုလဲများ
လှုပ်ရှားနေသော အိပ်မက်သဏ္ဍာန်သတ္တဝါများ
ကျောက်မျက်ရတနာများ
ထူးဆန်းစွာ ရောင်စုံပြိုးပြက်ရာ
နက်ရှိုင်း မှိုင်းပြာသော ညထဲတွင် ပုခက်စီးရင်း
သင်၏ ကြောက်မက်ဖွယ်
အပြည့်အဝ ပွင့်လန်းမှုကို နေ့ခင်းက ထုတ်ဖော်ပြသလိုက်သည့်အထိ
သင်သည် အိပ်ပျော်နေခဲ့သလော။

အို ဥဇာလီ၊ အဆုံးမရှိသော အံ့သြဖွယ်
ခေတ်တိုင်း ခေတ်တိုင်းတွင်
သင်သည် ယောက်ျားတကာတို့၏
မြတ်နိုးခြင်းကို ခံခဲ့ရ၏။
သင့်မျက်လုံးများ၏ အကြည့်ကြောင့်
ကမ္ဘာကြီးသည် ပျိုမျစ်သော နာကျင်ခြင်းဖြင့်
ရင်တဆတ်ဆတ် ခုန်ခဲ့ရ၏။
အညောင်ါသီ တောမှီရောဟန်းသည်
သူခြိုးခြံခဲ့သည့် သစ်သီးတို့ကို
သင့်ခြေရင်းတွင် စုပုံခဲ့၏။
ဧဆိုတို့၏ လင်္ကာများသည်
သင့်ကိုယ်သင့်နံ့ အနီးတွင်
တဝီဝီ ဝဲကျဲပျက် ၌ကြကုန်၏။
ရွှင်မြူးစွာ သင်ဖြတ်သန်းသွားသည့်အခါ
သင့်ခြေထောက်များသည်

ရွှေခြုံ တချင်ချင်မြည်သံဖြင့်
ဟားလားဟင်းလင်းဖြစ်သော
လေ၏နှလုံးသားကိုပင်
ဒဏ်ရာအနာတရ ဖြစ်စေခဲ့၏။
အို ဥဇာသီ
ဟင်းလင်းပြင်ထဲတွင်
အသစ်ဖြစ်သော နရီစည်းချက်တို့ကို
ရစ်ပတ်ရိုက်ခတ်စေလျက်
နတ်ဒေဝတာတို့ရှေ့မှောက်တွင်
သင်က ထုတ်သောအခါ၌
မဟာပထဝီမြေကြီးသည်
တုန်လှုပ်ခြင်းဖြစ်၏။
သစ်ရွက်၊ မြက်ပင်နှင့်
နွေနှောင်းလယ်ကွင်းတို့သည်
ထကြွ ယိမ်းနွဲ့ကြကုန်၏။

ပင်လယ်သမုဒ္ဒရာကြီးသည်
စီးချက်လိုက်သော လှိုင်းများ၏
ရူးသွပ်မှုဖြင့် ထကြွ၏။
ကြယ်တို့သည် ကောင်းကင်ထဲတွင်
ကြွေကျကြကုန်၏။

ထိုကြယ်ပွင့်တို့သည်
ဘယက်မှ ကျောက်မျက်တို့ ဖြစ်၍
သင်၏ ရင်ညွှန့်ပေါ်သို့
ခုန်ဆင်းကြကုန်၏။
ယောက်ျားတကာတို့၏
အသည်းနှလုံးတွင် သွေးတို့သည်
ရုတ်တရက် ကသောင်းကနင်း ဖြစ်ကာ
ကခုန်ကြ၏။

ဥဇာသီ
သင်သည် ကောင်းကင်ဘုံ၏
အိပ်မောကျခြင်း သရဖူကို
ပထမဆုံး ချိုးဖျက်သူဖြစ်၏။
သင်သည်
လေကိုတုန်လှုပ်
ချောက်ချားအောင်
ခြောက်လှန့်၏။
ကမ္ဘာကြီးသည် ယင်း၏
မျက်ရည်တို့ဖြင့်
သင့်ကိုယ်လက်အင်္ဂါတို့ကို
ရေချိုးသန့်စင်ပေးရ၏။

သင်၏ခြေထောက်များသည်
ကမ္ဘာကြီး၏ နှလုံးသွေးရောင်ဖြင့်
နီရဲလျက်ရှိ၏။

ဥဇာလီ၊ သင်သည်
ဆန္ဒတည်းဟူသော လှိုင်းလုံးတို့
ရိုက်ခတ်သည့် ကြာပွင့်ပေါ်တွင် ရပ်၏။
ဘုရားသခင်၏ ဆူညံသော
အိပ်မက်တို့ ကြိုးပမ်းအလုပ်လုပ်ရာ
အဆုံးမရှိသော စိတ်ထဲ၌
သင်သည် ထာဝစဉ် ကစားမြူးထူးနေ၏။

## ပျောက်ဆုံးသွားသူ

ကွေ့ကောက်ပြီး လျင်မြန်စွာ သွားတဲ့ မြစ်တစ်စင်းလို
မင်းဟာ ရယ်မောကခုန်သွားတယ်။
မင်း သွားရာ တစ်လျှောက်မှာ
မင်းခြေလှမ်းတွေက
တေးဆိုညည်းနဲ့ကြတယ်။

ကျောက်ဆောင်ထူထပ်ပြီး
နက်မှောက်တဲ့ ကမ်းပါးတစ်ခုလို
ကိုယ်ကတော့ စကားမပြောနိုင်၊ မလှုပ်ရှားနိုင်ဘဲ
မင်းကို ငေးစိုက်ကြည့်နေခဲ့တယ်။

မိုက်မဲတဲ့ မုန်တိုင်းကြီးတစ်ခုလို
ကိုယ်ဟာ ရုတ်တရက် ကဆုန်စိုင်းလာပြီး
ကိုယ်ခန္ဓာကိုယ်ကြီးကို
အစိတ်စိတ် အမွှာမွှာ ဖြစ်အောင်လုပ်တယ်။
ရမ္မက်လေပွေထဲမှာ
ကိုယ့်ခန္ဓာကိုယ်ကြီး ဖြန့်ကြဲပစ်ခဲ့တယ်။

သေး ျင်ပြီး ထက်သန်တဲ့ ျပ်နွယ်တစ်ခုလို
မင်းဟာ ဆူညံပြင်းထန်တဲ့
မှောင်ထုကြီးရဲ့ နှလုံးသားကို
ထိုးဖောက်ပြီး
ရယ်သံသောသောထဲမှာ
ပျောက်ကွယ်သွားခဲ့တယ်။

## ခွဲခွာခြင်း

မင်း အကြည့်ထဲမှာ
ငြိတွယ်နေတဲ့ သနားခြင်း မပါဘဲ
ကိုယ့်ကိုစောင့်နေဖော်ရတဲ့အတွက်
ဝမ်းသာပါတယ်ကွယ်။
တကယ်ကတော့ ကိုယ့်ကို
မျက်ရည်ကျသေခဲ့တဲ့ အငေုဟာ
ကိုယ့်ကိုယ်တိုင်ရဲ့
စိတ်ပျက်အားငယ်ခြင်း တွေးသွားကို
လန့်ပျပ်နေကြတဲ့ ညရဲ့တန်ခိုးသြဇာနဲ့
ကိုယ့်ရဲ့ နှုတ်ဆက်စကားပြောရုံသာပါ။
ဒါပေမယ့် နေ့က အရုဏ်လင်းတော့မယ်။
ကိုယ့်မျက်လုံးတွေဟာလဲ
မျက်ရည်ခြောက်သွားကြတော့မှာပါ။
ငိုဖို့အချိန် မရှိတော့ပါဘူး။

မေ့ပျောက်ရတာ ခက်လှချည်လို့
ဘယ်သူကများ ပြောခဲ့သလဲ။
သေခြင်းဆိုတဲ့ ကရုဏာတရားဟာ
ဘဝရဲ့ အမြုတေထဲမှာလှုပ်ရှားနေပြီး
သူ့ရဲ့မိုက်မဲတဲ့ မနားမနေကြိုးပမ်းမှုအတွက်
နားနေခြင်းကို ယူလာတာပါ။

နောက်ဆုံးကျတော့
မုန်တိုင်းထန်နေတဲ့ ပင်လယ်ကြီးလဲ
လှုပ်ယမ်းနေတဲ့ ပုခက်ထဲမှာ
ငြိမ်သက်သွားခဲ့လေပြီ။
တောမီးဟာ သူ့ရဲ့ပြာအိမ်ထဲမှာ
လဲလျောင်းလို့ နေပေါ့။

မင်းနဲ့ ကိုယ်တို့လဲ ခွဲကြရတော့မယ်လေ။
ဒီကွဲကွာမှုဟာ
ရှင်သန်နေတဲ့ မြက်ပင်တွေရဲ့ အောက်မှာ
နေရောင်ထဲမှာ ရယ်နေတဲ့
ပန်းပွင့်တွေရဲ့ အောက်မှာ
ပုန်းကွယ်နေတော့မှာပါ။

မေ့ရော်သူ

ကိုယ့်ကိုယ်ကို တစ်ခဏလောက် မေ့ပြီး
ကိုယ်ရောက်လာခဲ့တယ်။
နေပါဦးကွယ်။ မင်းမျက်လုံးတွေကို
ဝင်ကြည့်လိုက်စမ်းပါဦး။
မိုးစက်တွေကို အလုခံလိုက်ရတဲ့ မိုးကုပ်စက်ဝိုင်းပေါ်က
ပျော်တော့နေတဲ့ တိမ်တိုက် တစ်တိုက်လို မင်းမျက်လုံးထဲမှာလဲ
ဟိုအတိတ်တုန်းက အရိပ်တွေလွင့်ပျော
ကျစ်တစ်ခဲ့သေး သလားဆိုတာ ကိုယ် သိပါရစေ။

ကိုယ်ဟာ ကိုယ့်ကိုယ်ကို
မေ့လျော့ နေတယ်ဆိုရင်
ခဏလောက်တော့ သည်းခံပါကွယ်။

နှင်းဆီတွေက
အဖူးအငုံဘဝမှာပဲ ရှိကြသေးတယ်။
သည်နှစ်နွေမှာ ကိုယ်တို့တစ်တွေ
ပန်းရူးဖို့ ဘယ်လောက်ကြာအောင်
မေးခဲ့ကြတယ် ဆိုတာ သူတို့ မသိကြသေးဘူး။

မိုးသောက် ကြယ်ကလဲ
ကိုယ်တို့လို ရင်တဒိတ်ဒိတ်ခုန်ပြီး
တိတ်ဆိတ်ငြိမ်သက်လို့။
ဟိုတုန်းက နေ့ရက်တွေမှာလိုပဲ
မနက်ဝေဝေ အလင်းရောင်က
မင်းပြတင်းဝက အရိပ်ကွယ်နေတဲ့
သစ်ကိုင်းတွေကြားထဲမှာ ယှက်လိမ်ခေါက်လို့
အချိန်တွေ ပြောင်းသွားပြီ ဆိုတာ
ကိုယ် မေ့သွားတယ်ကွယ်။
ဒါကြောင့် ကိုယ် လာခဲ့မိတာပေါ့။
ကိုယ့်နှလုံးသားကို ဖွင့်ပြလေတိုင်း
မင်းဟာ မျက်နှာလွှဲလွှဲသွားခဲ့တဲ့အတွက်
ကိုယ်ရှက်ခဲ့ရတယ်ဆိုတာ
ကိုယ်မေ့သွားခဲ့တယ်။

မင်းနှုတ်ခမ်း တုန်တုန်ကလေးပေါ်မှာ
သောင်တင်သွားတဲ့ စကားလုံးလေးတွေကိုပဲ
ကိုယ် အမှတ်ရတော့တယ်ကွယ်။

ဆည်းဆာမှာ အိပ်တန်းကို လိုက်ရှာတဲ့
ငှက်ငယ်ရဲ့တောင်ပံလို
မင်းမျက်ဝန်းနက်နက်တွေထဲမှာ
တလှုပ်လှုပ် ပြေးနေတဲ့
မေတ္တာရှမ္မက်ရဲ့ အရိပ်တွေကိုပဲ
ကိုယ် သတိရတော့တယ်ကွယ်။

မင်းဟာကိုယ့်ကို
အမှတ်မရတော့ဘူးဆိုတာ
ကိုယ်မေ့သွားပြီကွယ်။
ဒါကြောင့်
ကိုယ် အဝေးက်လာခဲ့တာပေါ့ကွယ်။

## စိမ်းရက်တယ်

မိုးကသည်းထန်စွာ ရွာနေတယ်။
မြစ်ရေက တဟည်းဟည်းမြည်ပြီး
တစ်ဟုန်ထိုး စီးနေတယ်။
မြစ်ဟာ ကျွန်းကလေးကို
လျှာကြီးနဲ့ယက်ပြီး ဝါးမျိုပစ်လိုက်တယ်။
ကိုယ်ကတော့
ပြိုကျနေတဲ့ ကမ်းပါးပေါ်မှာ
ကောက်လှိုင်းတစ်စည်းကို ကိုင်ပြီး
စောင့်လို့ပေါ့။

တစ်ဖက်ကမ်းခြေ အရိပ်ထဲက
လှေတစ်စင်း ဖြတ်ကူးလာတယ်။
မိန်းမတစ်ယောက် ပဲ့မှာ ထိုင်လို့။
ငတ်မွတ်နေတဲ့ ရေတွေရစ်ပတ်နေတဲ့
ကျွန်တော့် ကျွန်းကလေးကိုလှော်ခဲ့ပါ၊
ပြီးတော့မနှစ်က ရိပ်သိမ်းခဲ့တဲ့
ကောက်နှံတွေကို ယူသွားပါလို့
ကိုယ်ကလှမ်းအော်တယ်။

သူပေါက်လာပြီး ကိုယ့်မှာရှိတဲ့
နောက်ဆုံးစပါးစေ့အထိ အကုန်ယူသွားတယ်။
သည်တော့ ကိုယ့်ကိုပါ
ခေါ်သွားဖို့ ကိုယ်ပြောတယ်။

ဒီတော့ သူက “ဟင့်အင်း”တဲ့။
လှေပေါ်မှာ ကိုယ်ပေးလိုက်တဲ့
လက်ဆောင်တွေနဲ့ ပြည့်နေပြီလေ။
ကိုယ့်အတွက် နေရာမရှိတော့ဘူး။

## ကမ်းပါးက လိုမယ်

ရေစပ်မှာ လှေဆိပ်ဆင်းတဲ့
လှေကားကလေးရှိတယ်။
သည်နေရာကို မိန်းကလေးတွေ
ရေခပ် မလာတတ်ဘူး။
ကမ်းစပ်တစ်လျှောက်မှာလဲ
ချုံပုတ်ကလေးတွေ ပေါက်နေတယ်။
ဆူညံတဲ့မြေလူး ငှက်ကလေးတွေက
မြင့်မောက်တဲ့ ကမ်းပါးကို တူးပြီး
အသိုက်ကလေးတွေ ဆောက်နေကြတယ်။
ကမ်းပါးကြီးတွေကတော့
မျက်မှောင်ကုတ်လို့။
ဒါကြောင့်မို့ တံငါလှေကလေးတွေတောင်
ကမ်းပါးမှာ မဆိုကပ် ကြရှာဘူး။
မင်းက အဲဒီနားက
ကိုင်းတောထဲမှာ ထိုင်နေတယ်လေ။
မနက်ခင်းက တရွေ့ရွေ့ကုန် သွားတယ်။
သည်လောက် ခြောက်သွေ့ပြီး
ပင်ကြားအက်နေတဲ့ ကမ်းပါးမှာ
မင်းတစ်ယောက်တည်း လာပြီး
ဘာလုပ်နေတာလဲကွယ်။
ကိုယ့်ကို ပြောစမ်းပါဦး။

ဒီတော့ သူက
ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး
'အို ဘာမှမဟုတ်ဘူး၊ ဘာမှမဟုတ်ဘူး'တဲ့။
မြစ်ရဲ့ သည်ဘက်ကမ်းမှာ
ကမ်းက တိတ်ဆိတ်ခြောက်သွေ့လို့၊
ကျွဲ နွား တွေလဲဆင်းပြီး
ရေလာ မသောက်ကြဘူး။
နွားထဲက
ဆိတ်တစ်ကောင်တလေသာ ရောက်လာပြီး
မြက်ပင်ကျူးတိုး ကျဲတဲကလေးတွေကို စားနေတယ်။
ရွံ့ထဲမှာ လဲကျနေတဲ့
သစ်ခြောက်ပင်ကြီး ပေါ်မှာတော့
ငှိုင်းကြီးတစ်ကောင် ငါးစောင့် နေလေရဲ့။

ပျင်းစရာကောင်းတဲ့
ရေသဖန်းပင်ကြီး အောက်မှာ
တစ်ယောက်တည်း လာထိုင်နေတယ်။
မနက်ခင်း တရွေ့ရွေ့ ကုန်သွားပြီလေ။
ဘယ်သူ့ကိုများ စောင့်နေတာလဲကွယ်၊
ကိုယ့်ကိုပြောစမ်းပါ။
ဒီတော့ သူက
ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး
အို ဘယ်သူ့ကိုမှ မဟုတ်ဘူး၊
ဘယ်သူ့ကိုမှမဟုတ်ဘူး'တဲ့။

## ပွင်သစ်ဦးကို မွေးဖွားခြင်း

၁

ဤပြင်ဆင်မှုများကို
အဘယ့်ကြောင့် လုပ်နေရသနည်း။
မည်သူလာမည်နည်း ဟု
ကိုယ်က စိတ်ကို မေး၏။
'ငါသည် ပစ္စည်းများကို စုဆောင်းကာ
မျော်စင်များကို ဆောက်ရင်း
အလုပ်များလျက်ရှိ၏။
သင့်မေးခွန်းများကို ဖြေဖို့အချိန်မရ'ဟု
စိတ်ကဖြေ၏။

သို့ဖြင့် ငါသည် ငါ့အလုပ်ရှိရာသို့
အသာပြန်လာခဲ့၏။
အဆောက်အအုံတို့ မြင့်တက်လာ၍
နန်းရင်ပြင် ခုနစ်ဆောင်တို့
ဆောက်လုပ်ပြီးစီးသွားသည့်အခါတွင်
ငါက စိတ်ကို မေးမြန်း၏။
'သင့်လုပ်ငန်းသည် လုံလောက်ခြင်း မရှိသေးပြီလော"
'မလုံလောက်သေး'ဟု စိတ်ကဖြေ၏။
'မည်သည့်အတွက် မလုံလောက်သေးသနည်း'
စိတ်က ငါ့မေးခွန်းကို
ကြားယောင် ပြုနေ၏။

ထို့ကြောင့် ငါက စိတ်ကို
ကြားသေး အထင်ဖြင့်
မေးခွန်းကို ထပ်တလဲလဲ မေး၏။
'နောက်ထပ်ဆောက်ရဦးမည်'ဟု
စိတ်က အကြိမ်ကြိမ်ဖြေကြား၏။
'အဘယ်ကြောင့် ဆက်ဆောက်ဦးမည်နည်း'ဟု
ငါမေး၏။
'ကြီးကျယ်သောကြောင့်ဖြစ်၏'ဟု
စိတ်ကဖြေ၏။
'သို့ဖြစ်လျှင် ကြီးကျယ်ခြင်း ဆိုသည် အဘယ်နည်း'
စိတ်သည် တိတ်ဆိတ်လျက်ရှိ၏။
ငါကမေးခွန်းကို ထပ်မေး၏။
စိတ်သည် စိတ်တိုဟန်
အထင်သေးသည့် ဟန်ဖြင့်
'အရေးကြီးသည့် အရာတို့ကို
အဘယ့်ကြောင့် မေးနေဘိသနည်း။
သင့်ရှေ့တွင် ကြီးမားသော အရာတို့
ရှိကြသည်မဟုတ်လော၊
တိုက်ပွဲနှင့် စစ်ပွဲ၊ စစ်တပ်နှင့်လက်နက်၊
အုတ်ခဲနှင့်သဲ၊ ထို့ပြင် မရေတွက်နိုင်သော
အလုပ်သမား များစွာတို့သည်
ရှိကြကုန်သည်မဟုတ်လော'ဟု
စိတ်ကပြော၏။
'စိတ်သည် ဉာဏ် ပညာ ကြီး လေစွ'ဟု
ငါဆိုမိ၏။

၂

ရက်တို့ကုန်လွန်သွားကြ၏။
နန်းတော်တွင် နန်းရင်ပြင်တို့ကို
နောက်ထပ်ဆောက်လုပ်ပြီးပြီ။
သူ့နိုင်ငံတွင်နယ်မြေသစ်တိုးချဲ့ထွင်ပြီးပြီ။
မိုးရာသီကုန်စ ပြုပြီ။
မည်းမှောင်သော တိမ်တိုက်တို့သည်
ပါးလွှာဖြူမျော့၍ လာကြ၏။
မိုးစက်တို့ဖြင့် ဆေးကြောထားသည့် ကောင်းကင်တွင်
နေခြည်ဖြာသော ကာလများသည်
မမြင်ရသော ပန်းပွင့်များအနီးတွင်
ဝဲနေသည့် လိပ်ပြာများ သဖွယ်
ဝဲလျက်ရှိကြ၏။
ငါသည် စိတ်ရှုပ်ထွေးလျက်
‘လေပြည်လေညင်းထဲတွင်
မျောပါလာသည့် ဂီတသည်
အဘယ်ဂီတနည်း’ဟု တွေ့သူများအား မေးမြန်း၏။
အပြောအဆို ကြမ်းတမ်းရိုင်းစိုင်းသလောက်
အဝတ်အစားများလည်းစုတ်ပြတ်ကြမ်းတမ်းသည့်
လူလေလူလွင့်တစ်ယောက် ရောက်လာ၏။
သူက ‘ထွက်တော်မူကြီး၏ ဂီတသံကို
နားထောင်လော့’ဟု ဆို၏။
ငါသည် အလုပ်ခွင်ရှိရာသို့ ပြန်လာခဲ့ပြီးနောက်
‘ကမ္ဘာကြီးတစ်ခုလုံး ရပ်နားစေ’ဟု

စိတ်ကို ပြော၏။
'ဘာသတင်း ထူးသနည်း'ဟု
စိတ်က မေး၏။
'သတင်းထူး၏။
ထွက်တော်မူကြီး သတင်းကို ငါရ၏'ဟု ငါဖြေ၏။
သို့ရာတွင် အကျိုးအကြောင်းကို ငါ ရှင်းမပြနိုင်။
စိတ်က ခေါင်းကိုယမ်းကာ
'တံခွန်ကုက္ကားတို့ကိုလည်း မမြင်ရသေး၊
အခင်းအကျင်းတို့ကိုလည်း
မမြင်ရသေး'ဟု ဆို၏။

၃

ညကုန်ဆုံးလေပြီ။
ကြယ်တို့သည် ပျော့တော့စပြု လာကြ၏။
ထိုစဉ် မနက်ခင်း၏ မှတ်ကျောက်သည်
အရောအားလုံးကိုရွှေရောင်ဖြင့် ခြယ်ပေးလိုက်၏။
'ရှေ့တော်ပြေး တို့လာချေပြီ'ဟု
တစ်ယောက်မှ တစ်ယောက်သို့ ပြောကြ၏။
ငါက ခေါင်းကိုညွတ်ကာ
'ထွက်တော်မူကြီးလော'ဟု မေး၏။
'ဟုတ်ပေ၏'ဟူသော အသံပျားကို ကြားရ၏။
စိတ်က စိတ်ညစ်စွာဖြင့်
'ငါ့အဆောက်အအုံတို့သည် မပြီးသေး။

ဘာမျှ စနစ်တကျ မပြင်ရသေး’ဟု ဆို၏။
‘သင်၏ အဆောက်အအုံတို့ကို ဖြိုချကုန်လော’ဟု
ကျောင်းကင်မှ အသံတစ်သံက ပြော၏။
‘အဘယ့်ကြောင့်နည်း’ဟု စိတ်ကမေး၏။
ယနေ့သည် ထွက်တော်မူမည့်နေ့ဖြစ်၏။
သင့်အဆောက်အအုံသည်
လမ်းကို ပိတ်ဆို့ လျက်ရှိ၏။

၄

ကြီးမားသော အဆောက်အအုံသည်
မြေကြီးပေါ်တွင် လဲလျောင်းလျက်။
အားလုံးကျိုးပျက်စီးကာ ပြန့်ကျဲလျက်။
စိတ်သည် ပတ်ဝန်းကျင်ကို လှည့်ကြည့်၏။
သို့ရာတွင် ဘာကိုမြင်ရသနည်း။
မိုးသောက်ကြယ်နှင့်
နှင်းဆွတ်ထားသော ကြာပန်းကိုသာ မြင်ရ၏။
ထိုနောက်ကား။
အမိရင်ခွင်မှ အလင်းရောင်ထဲသို့
ရယ်မောပြေးထွက်လာသည့်
ကလေးငယ်တစ်ယောက်ကိုလည်း မြင်ရ၏။
ဤသည့်အတွက်ကြောင့် ယနေ့သည်
ထွက်တော်မူသည့်နေ့ဟု
ဆိုကြသလော။

'ဟုတ်ပေ၏။ ထို့ကြောင့် ယနေ့၌ လေထဲတွင်
တေးဂီတတို့ရှိပြီး
ကောင်းကင်တွင် အလင်းရောင်တို့
ရှိခြင်းဖြစ်ပေ၏'
ဤအတွက်ကြောင့် တစ်ကမ္ဘာလုံးတွင်
လှုပ်လှုပ်ရွရွ ဖြစ်နေကြခြင်းလော။
'ဟုတ်ပေ၏။ အို စိတ်၊ သင်သည်
သင့်ကိုယ်သင် အကျဉ်းချရန်အတွက်
နံရံတို့ကို ဆောက်လုပ်ခဲ့ပေ၏။
သင်၏ ကျေးကျွန်များသည်
သူတို့ကိုယ်ကို သူတို့
ကျွန်အဖြစ်သို့ ရောက်ရန်အတွက်
အားထုတ်ခဲ့ကြပေ၏။ သို့ရွင်
ကမ္ဘာမြေကြီးနှင့် ဟင်းလင်းပြင်တို့သည်ကား
ကလေးအတွက် ဖြစ်ပေ၏။
ဘဝသစ်အတွက် ဖြစ်ပေ၏။
'ဤကလေးသည် သင့်အတွက်
ဘာကိုယူဆောင်ခဲ့သနည်း'
'ကမ္ဘာကြီးအတွက် မျှော်လင့်ချက်နှင့်
ပျော်ရွှင်မှုကို ရယူခဲ့သည် တကား'
'အသင် ကလျာဆရာ၊ နားလည်ပါ၏လော'ဟု
စိတ်ကမေး၏။
ငါသည် ငါ့အလုပ်ကို ဘေးချထားလိုက်ပြီ။
အကြောင်းမူ ငါသည် နားလည်ရန်
အချိန်ယူရမည် ဖြစ်သောကြောင့်တည်း။

## စိတ်

အို ကြီးမြတ်ခြင်း သခင်မ၊
ကြွယ်ဝသော ကမ္ဘာကြီးတွင်
သင်သည် အရောရောကို တတ်နိုင်စွမ်းပါ၏။
သင်၏လမ်းတို့သည်
အလင်းရောင်ဖြင့် ခင်းအပ်၏။
သင်၏အထိအတွေ့သည်
ပန်းများအဖြစ် ပွင့်လာခဲ့၏။
နောက်တွင် တွဲလွဲကျနေသည့်
သင့်ဝတ်ရုံသည် ကြယ်ပွင့်တို့ကြားတွင်
လေပွေတိုက်သကဲ့သို့ ကလုန်လျက်ရှိ၏။
အသံမျိုးစုံထွက်သော ဂီတတို့သည်
အရောင်များ၊ သင်္ကေတများမှတစ်ဆင့်
ဘုံအသီးသီးသို့ ပဲ့တင်ရိုက်ခတ်၍ သွားပါ၏။

အို တိတ်ဆိတ်ခြင်းနှင့်
အထီးကျန်ဖြစ်ခြင်းတို့၏ သခင်မ
ဝိညာဉ်၏ အဆုံးအဆမရှိသော
တိတ်ဆိတ်ခြင်းထဲတွင်
အထီးတည်းနေထိုင်ခြင်းပြုသည့် သင်သည်
အလင်းရောင်ဖြင့် တုန်လှုပ်သော
အရုဏ်တစ်ခု ဖြစ်သလော။
သို့တည်းမဟုတ်
အချစ်ညှာတံကိုပင် ပွင့်လန်းနေသော
အထီးကျန် ကြာပွင့်တစ်ပွင့်ပေလော။

## မိုးစက်ရယ် တိတ်ဆိတ်ကြောင်းရယ် သူရယ်

သည်နေ့ကို ကိုယ်အမှတ်ရနေတယ်။
သည်းထန်တဲ့ မိုးစက်မိုးပေါက်တွေက
မှေးသွားလို့ထင်ပါရဲ့၊ ရပ်သွားကြတယ်။
နောက်တစ်သုတ် တိုက်လာတဲ့ လေပြင်းက
နားနေတဲ့မိုးစက်မိုးပေါက်တွေကို
လှန့်နှိုးလိုက်ပြန်တယ်။

ကိုယ့်ခေါင်းကို ကောက်ယူပြီး
ကြိုးတွေကို ညှိလိုက်တယ်။
ကိုယ်မသိဘဲ ကိုယ့်ဂီတဟာ
မုန်တိုင်းရဲ့ ရူးသွပ်တဲ့ သံစဉ်တွေကို
ငှားပြီး တီးမိလျက်သား ဖြစ်နေတယ်။

အလုပ်ခွင်က တိတ်တိတ် ခိုးထွက်လာပြီး
ကိုယ့်တံခါးဝမှာ
လာရပ်တဲ့ သူ့ရုပ်သွင်ကို
ကိုယ် လှမ်းမြင်လိုက်ရတယ်။
ပြီးတော့ ဆုတ်ဆိုင်းတဲ့
ခြေလှမ်းများနဲ့ ပြန်သွားတယ်။

နောက်တစ်ခါ ပြန်လာပြီး
နံရံကိုမှီလို့ အပြင်ဘက်မှာ ရပ်နေတယ်။
ခဏကြာတော့ အခန်းထဲကို
ဝင်လာပြီးထိုင်တယ်။
သူ့ခေါင်းက ငုံ့လို့
တိတ်ဆိတ်စွာ အပ်ချုပ်နေတယ်။
အတန်ကြာတော့ အလုပ်ကို ရပ်ပြီး
ရေးရေးရိပ်ရိပ် ထင်နေတဲ့
သစ်ပင်တန်းတွေကို ပြတင်းပေါက်က
ရပ်ကြည့်နေတယ်။
မိုးသည်းတဲ့ မွန်းတည့်ချိန် တစ်နာရီကလေးဟာ
အရိပ်တွေ၊ တေးသံတွေပဲ၊ တိတ်ဆိတ်မှုတွေနဲ့
ပြည့်လျှံလို့နေတော့တယ်။

## သီချင်းထဲမှာ သိမ်းထားတဲ့ သူ့အကြောင်း

ရထားပေါ်ကိုတက်ရင်း
ကိုယ့်ဘက်ကို ခေါင်းကလေးငဲ့ပြီး
နှုတ်ဆက်တဲ့ အနေနဲ့ ကိုယ့်ကို
တစ်ချက် လှမ်း ကြည့်လိုက်တယ်။
ဒါဟာ ကိုယ့်ကိုပေးသွားတဲ့
သူ့ရဲ့နောက်ဆုံး လက်ဆောင်လေ။
ဒါပေမယ့် ဒရောသောပါး
ပြေးသွားနေတဲ့ အချိန်တွေကြားထဲမှာ
ဒီလက်ဆောင်ကလေးကို
လုံခြုံအောင် ဘယ်မှာများ
သိမ်းထားရမလဲကွယ်။

နေညို ညချမ်းဟာ
နေဝင်ချိန် မီးကျီးရဲရဲနဲ့ နောက်ဆုံးမီရောင်ကလေးကို
ငြိမ်းပစ်လိုက်သလို
ခုလဲပဲ ကိုယ့်ရဲ့လွမ်းမောမှုအရောင်ကလေးကို
ငြိမ်းပစ်လိုက်တော့မှာတဲ့လား။
သိမ်းထားတဲ့ ဝတ်မှုန်ကို
အသည်းကွဲနေတဲ့ ပန်းပွင့်ဆီက
ဖြုတ်ယူလိုက်သလို
သည်မိုးစက်တွေဟာလဲ

ကိုယ့်ရဲ့လွမ်းဖွယ်ကို
တိုက်ဖေးသွားတော့မှာတဲ့လား။

ဘုရင်တို့ရဲ့ ဘုန်းကျက်သရေနဲ့၊
သူကြွယ်တို့ရဲ့ စည်းစိမ်ဥစ္စာတွေကို
သေမင်းက လုယူချင် လုယူပါစေတော့ကွယ်၊
ဒါပေမယ့် ရမယ့်သူရဲ့ တဒင်္ဂကလေးမှာ
ကိုယ့်ကိုပေးလိုက်တဲ့ဒီအကြည်းကလေးကိုတော့
မျက်ရည်တွေက အမြဲတစေ
အသစ်လန်းဆန်းနေအောင်
မလုပ်နိုင်တော့ဘူးတဲ့လား။

'ဒီအကြည်းကလေးကို
ကျုပ်သိမ်းပေးမယ်လေ၊ ကျုပ်ကိုအပ်ထား'လို့
တေးသီချင်းကပြောတယ်။
'ကျုပ်ဟာ ဘုရင်တွေရဲ့ ဘုန်းတန်ခိုး
ကျက်သရေတွေကိုလဲ မသိမ်းဘူးဗျ၊
သူကြွယ်တွေရဲ့ ဥစ္စာတွေကိုလည်း သိမ်းမထားဘူး၊
ဒါပေမယ့် ဒီပစ္စည်းကလေးတွေကတော့
ကျုပ်ရဲ့ပစ္စည်းကလေးတွေတဲ့
တေးသီချင်းကပြောတယ်။

## သွယ်ပျောင်းတဲ့ လက်အစုံ

ကိုယ်သွားတော့မယ်လေ။
သူကတော့ စကားတစ်လုံးမှ မရေးသေးဘူး။
ဒါပေမယ့် သူ တုန်တုန်ယင်ယင်
ဖြစ်နေပုံကို ကြည့်ပြီး
'ဟင့်အင်း၊
မသွားပါနဲ့ဦး ရှင်ရယ်'လို့
သူ့ရဲ့တမ်းတတတ်တဲ့ လက်မောင်းတွေက
ပြောနေသယောင် ကိုယ် ထင်မိတယ်။

သူ့ရဲ့ တောင်းပန်တဲ့ လက်သွယ်ပျောင်းတွေ
ငါ့ကို လာထိတဲ့အခါမှာ
ဒီလက်တွေက တောင်းပန်တဲ့အသံတွေ
ကြားနေရတယ်လို့ ကိုယ်ထင်မိတယ်။
သူတို့ ပြောတဲ့စကားလုံး တွေကိုတော့
ကိုယ်မသိနိုင် ပေဘူးပေါ့။

သူ့လက်ချောင်းတွေဟာ
ကိုယ့်လည်ပင်းမှာ လာရစ်သိုင်းတဲ့
နုနယ်ပျိုမြစ်ခြင်းရဲ့
ပန်းကုံးတွေ ဖြစ်လာတဲ့ အခါမှာ
ဒီလက်ချောင်း သွယ်သွယ်ဟာ
အထစ်ထစ်အငေါ့ငေါ့နဲ့
စကားပြောနေကြတာကို
ကိုယ် သိခဲ့ဖူးတယ်။

ဒီလက်ချောင်းသွယ်သွယ်တွေနဲ့
အမူအရာဟာ
တိတ်ဆိတ်တဲ့ အချိန် မျက်နှာဖုံးကို စွပ်ပြီး
ကိုယ့်မှတ်ဉာဏ်ထဲကို
ပြန်လာတတ်ကြတယ်။
လူနောက်ကလေးများကို
သူတို့ဟာ ကိုယ့်ကို ဖုံးကွယ်ထားတဲ့
လျှို့ဝှက်ချက်တွေကို
ဖွင့်လှစ်ပြသွားတတ်ကြလေးတယ်။

## အဧဝဝတော့ ဌာနကိုပြန်

ကိုယ့်တေးသီချင်းတွေဟာ
ပျားကောင်တွေလိုပါပဲကွယ်။
မင်းကို သတိရခြင်းဆိုတဲ့
ရနံ့ ကလေးရရင်
အဲဒီနောက်ကို ပျံသန်း
လိုက်သွားတော့တာပါပဲ။
အဲဒီ ပန်းကလေးရဲ့ ဝှက်ထားတဲ့ ရတနာကို
လိုချင်လွန်းလို့တဲ့လေ။
မင်းရဲ့ရှုက်ရွံ့မှု ပတ်လည်မှာ
တဝီဝီမြည်ရအောင် လို့တဲ့လေ။

အရုဏ်ရဲ့ လန်းဆန်းမှုက
နေရောင်ထဲမှာ ညှိုးသွားတဲ့အခါ
မွန်းတည့်ချိန်မှာ လေကလဲ တိတ်ဆိတ်ပြီး
တောမြိုင်ခြေက တိတ်ဆိတ်နေတဲ့အခါ
ကိုယ့်သီချင်းလေးတွေလဲ
အိမ်ကို ပြန်လာကြတယ်လေ။
သူတို့ရဲ့ လေးတွဲတဲ့
တောင်ပံတွေမှာတော့
ရွှေမှုန်တွေလူးလို့။

မေတ္တာ အရိပ်

နောင်ဘဝရောက်လို့
တို့နှစ်ယောက် ပြန်တွေ့ကြပြီး
ဟိုအဝေးက သံသရာရဲ့ အလင်းရောင်ထဲမှာ
အတူပျော်ပါး လက်တွဲလျှောက်ခဲ့ကြမိရင်
ကိုယ် ဘာမှ မအံ့သြတော့ ပါဘူး။

အဲဒီအခါကျရင် ကိုယ်ဟာ
မိုးသောက်ကြယ်တွေကို မှတ်မိသလို
မင်းမျက်ဝန်းနက်နက်တွေကိုလဲ
မှတ်မိနေမှာပါပဲ။
ဟိုအရင် ဘဝတုန်းက
ညချမ်းကောင်းကင် တစ်နေရာမှာ တွေ့ခဲ့ဖူးတဲ့
ကြယ်ပွင့်တွေလိုတော့ ထင်မိကောင်း ထင်မိမှာပါပဲ။

ပြီးတော့ မင်းမျက်နှာပေါ်က
အလှပဥ္စလက်ဟာလဲ
မင်းကိုယ်ပိုင် အတတ်ပညာမဟုတ်ဘဲ
ဟို မမှတ်မိနိုင်အောင် ရှည်ဝေးတဲ့
အတိတ်မှာ တွေ့ခဲ့ကြတုန်းက
ကိုယ့်မျက်လုံးထဲက ခိုးယူသွားတဲ့
မေတ္တာအလင်းရောင် ဆိုတာ
မပြောဘဲနဲ့ ကိုယ်သိမှာပါ။

ပြီးတော့ ကိုယ့်အချစ်ကနေပြီး
ကိုယ့်ဘဝကို မေ့သွားတဲ့
ကျို့ငှက်မျက် တစ်ခုလို
မင်း ယူသွားတယ်ဆိုတာ
ကိုယ် သိမှာပါ။

အချစ်ဘုံ

အချစ်ရယ်
မင်းဗောင်းကို ဘေးချပြီလ
ကိုယ့်ကို ပွေ့ဖက်ဖို့ မင်းလက်မောင်းတွေကို
အနားပေးလိုက်ပါတော့။

မင်းရဲ့ အထိအတွေ့ဟာ
ပျော်နေတဲ့ ကိုယ့်နှလုံးသားကို
ခန္ဓာကိုယ်ရဲ့ အစွန်အဖျား ရောက်အောင်
ပို့လိုက်ပါတော့။

အို ခေါင်းငုံ့ထားပြီး
မျက်နှာကို လွှဲမသွားနဲ့လေ။
အဖူးအငုံ တစ်ခုထဲမှာ
ကြာရှည်ပိတ်ပြီး လှောင်ထားတဲ့
ရနံ့နဲ့ တူတဲ့ အနမ်းတစ်ခုကို
ကိုယ့် ပေးပါလားကွယ်။

ဘာမှ မဟုတ်တဲ့
စကားလုံးတွေ အောက်မှာ
ဒီအချိန်ကလေးကို
ပျောက်ဆုံးမသွားစေနဲ့ကွယ်။
တစ်ခဲနက် တိတ်ဆိတ်မှုနဲ့
ကိုယ့်နှလုံးသားတွေကို တုန်လှုပ်စေပြီး
အတွေးတွေ အားလုံးကို
ကမ်းခြေမရှိတဲ့ ကြည်နူးမှုဆီကို
သယ်ဆောင်သွားပါစေတော့။

## ချမ်းသာသူ

ငါသည် အညတရ ဒီရေထဲတွင် မျောပါလျက်
လောကကြီး၏ မျက်နှာသာပေးခြင်း လှိုင်းလုံးပေါ်တွင်
တက်လိုက်ကျလိုက်ဖြစ်နေသည့် အများထဲမှ
တစ်ယောက်သာဖြစ်၏။
သို့တိုင်အောင် သင်သည် သင့်အချစ်ဖြင့် ငါ့အား
ကြီးမြတ်သူ တစ်ယောက် ဖြစ်စေခဲ့ပြီ။

သင်သည် ခေတ်အဆက်ဆက် ကမ္ဘာ့ဘေးဆိုတို့
လက်ဆောင်ပဏ္ဏာဆက်ရာ
ခေတ်တိုင်းတွင် မသေနိုင်သော အမည်တို့ဖြင့်
ချစ်သူအချင်းချင်း နှုတ်ဆက်ရာ နေရာကို
ငါ့အားပေးခဲ့၏။

ဈေးအတွင်းလူတို့သည်
ငါ့အနီးမှ ဖြတ်သန်းသွားကြကုန်၏။
သို့ရာတွင် ငါ့ခန္ဓာကိုယ်သည်
သင့်အပွေ့အဖက်ကြောင့်
မည်၍ အဖိုးထိုက်တန်သည်ကို လည်းကောင်း။

နေမင်းသည် သူ၏ စက်ဝန်းထဲ၌
ဘုရားသခင်၏အထိအတွေ့မီးကို
ထိန်းသိမ်းကာ အစဉ်တောက်ပသကဲ့သို့
ငါ၏ ကိုယ်တွင်းတွင်လည်း
သင့်အနမ်းကို ထိန်းသိမ်း
ယူဆောင်လာသည်ကို လည်းကောင်း
သူတို့ မသိကြလေတကား။

## ကိုယ့်ရင်ထဲက ဝေဒနာ

စိတ်ကောက်ပြီး သူ့ကဗျာစာအုပ်တွေကို
လွှင့်ပစ်လိုက်တဲ့ ကလေးငယ်လို
ဒီနေ့ကိုယ့်နှလုံးသားဟာလဲ
ကိုယ်ပေးတဲ့အကြံဉာဏ်တိုင်းကို ခေါင်းခါပြီး
'ဟင့်အင်း၊ ဒါ မဟုတ်ဘူး'လို့ ပြောနေတယ်။

တောင်ထိပ်မှာပဲ နေတဲ့
လေလွင့်တဲ့ တိမ်တိုက်တွေဟာ
သူတို့ရဲ့ မိုးစက်မိုးပေါက်တွေကို
ဖြေလွှတ်ဖို့ အတွက်
ပျော့ပေါ့လာမယ့် လေရူးကို
စောင့်ဆိုင်း နေကြသလို
ဝိုးတဝါးတွေးနေတဲ့ ဝေဒနာကို
ခံစားကြတဲ့ စကားလုံးတွေဟာလဲ
ကိုယ့်စိတ်ကို တချွေချွေခြောက်သလို
ခြောက်လှန့်နေကြတယ်။
ဒါပေမယ့် ကြိုးစားမနေပါနဲ့တော့
ကိုယ့်ဝိညာဉ်ရယ်။
တိတ်ဆိတ်ငြိမ်သက်မှုဟာ
အမှောင်ကြီးထဲမှာ
သူ့ဂီတကို သူ့ဘာသာ ရင့်ကျက်လာအောင်
လုပ်ပါလိမ့်မယ်။

ဒီနေ့ကိုယ့်ဘဝဟာ သီလဆေးရေ
ကျောင်းသခ်မ်း တစ်ခုနဲ့တူနေတယ်။
နွေဦးဟာ လှုပ်လဲမလှုပ်နဲ့၊
တီးတိုးစကားလဲ မပြောရဲရှာလေဘူး။

အချစ်ရယ် သည်အချိန်ဟာ
မင်းအတွက် ဝင်းတံခါးကို
ဖွင့်သန်းဖို့ အချိန်မဟုတ်ပါဘူး။
လမ်းတစ်ကြောက်မှာ
မင်းခြေချင်းသံတွေ တချင့်ချင့်မြည်သံကို
စိတ်ထဲက နားထောင်ကြည့်ရုံနဲ့ပဲ
ဥယျာဉ်ထဲက ပွဲတင်သံတွေဟာ
ရှက်လှပါပြီ။

မနက်ဖြန်ရဲ့ သီချင်းတွေဟာ
အဖူးအငုံဘဝမှာပဲ ရှိသေးတယ် ဆိုတာ
မင်းသိပါတော့။
တကယ်လို့သာ
မင်းကြောက်သွားတာကို သူတို့မြင်ကြရင်
သူတို့ရဲ့ မရင့်ကျက်သေးတဲ့
နှလုံးသားတွေ အက်ကွဲကုန်အောင်
တေးဆိုကြရတော့ မှာမို့ပါ။

ချစ်တာပဒေန

အချစ်ရယ်၊
သည်လိုစိတ် ကယောက်ကယက်ဖြစ်တာကို
ဘယ်ကများ ယူလာခဲ့တာလဲ။

ကိုယ့်နှလုံးသားကို မင်းမှလုံးသားနဲ့ထိ
မင်းရဲ့ တိတ်ဆိတ်မှုထဲက
မင့်ဝေဒနာကို ကိုယ် နမ်းယူပြီး
ကိုယ့်ဆီမှာ ပြောင်းထားလိုက်ပါရစေ။

ညဟာ ဒီအချိန်ကလေးကို
သူ့နက်ရှိုင်းမှုထဲက
မောင်းထုတ်ပစ်လိုက်တယ်။
သည်တော့ ကိုယ့်အချစ်ဟာလဲ
တံခါးပိတ်ထားတဲ့ ဒီနံရံတွေထဲမှာ
ကမ္ဘာသစ်ကလေး တစ်ခုကို
ဆောက်ရတော့မှာပေါ့။
ပြီးတော့
အထီးကျန် မီးအိမ်ကလေးတစ်လုံးကိုသာ
ထွန်းညှိရတော့မှာပေါ့။

ဂီတကို သီကျူးဖို့အတွက် ဆိုရင်လဲ
ကိုယ်တို့နှစ်ယောက်မှာ
ကျူရိုးပလွေကလေး တစ်ချောင်းပဲရှိတယ်။
သည်တော့ ကိုယ်တို့နှစ်ယောက်
တစ်ချောင်းတည်းသော ပလွေကိုပဲ
တစ်ယောက်တစ်လှည့်စီ
မှုတ်ကြရတော့ မှာပေါ့။
ပြီးတော့
သရဖူအဖြစ် ဆောင်းဖို့လဲ ကိုယ်တို့မှာ
ပန်းကုံးကလေး တစ်ကုံးပဲ ရှိကြတယ်။
သည်ပန်းကုံးကလေးကို မင့်နဖူးမှာ အရင်ပန်ပြီး
ကိုယ့်ခေါင်းမှာ နောက်မှ ပန်မယ်လေ။
ပြီးတော့ ကိုယ့်အသည်းနှလုံးကို
ဖုံးထားတဲ့ အလွှာကိုခွာပြီး
မင်းအတွက် အိပ်ရာခင်းပေးမယ်လေ။
အနမ်းတစ်ခုနဲ့ ကြည်နူးမှု အအိပ်တစ်ရေးဟာ
ကိုယ်တို့ရဲ့ အကန့်အသတ်မရှိတဲ့ ကမ္ဘာကလေးကို
သာယာအောင် လုပ်ပေးမှာပါကွယ်။

## ချစ်ပန်းလွှာ

ကျွန်မမှာရှိသမျှ အရောင်တွေအားလုံးကို
ရှင့်ကို ပေးခဲ့ပါတယ်ကွယ်။ အလွန် ပါးလွှာတဲ့
သီးသန့်ဖြစ်မှုကလေး တစ်ခုကိုသာ မပေးခဲ့တာပါ။

ဒီသီးသန့်ဖြစ်မှု ကလေးဟာလဲ
အင်မတန် ပါးလွှာလွန်းတော့
ရှင်က ကြည့်ပြီးပြုံးလို့
ကျွန်မ အရှက်ရခဲ့ ရပါတယ်။

နွေဦးလေပြည် သုတ်လိုက်တဲ့အခါ
ဒီသီးသန့် ဖြစ်မှုကလေးဟာလဲ
ကျွန်မ မသိဘဲ လွင့်ပါသွား ရပြန်တယ်။

လှိုင်းတွေက
သူတို့ရဲ့ အမြှုပ်တွေကို လှုပ်ရှားစေသလို
တဖျတ်ဖျတ် ခုန်နေတဲ့
ကျွန်မနှလုံးသားကလဲ
ဒီသီးသန့်ဖြစ်မှုကလေးကို
အဝေးကို မောင်းထုတ်လိုက်ပြန်တယ်။

အချစ်ရယ်
တကယ်လို့များ ကျွန်မဟာ
ငါးလွှာတဲ့ အကွာအဝေး နှင်းမြူဇာလွှာကို
ကျွန်မပတ်ဝန်းကျင်မှာ ဝိုင်းရံကာဆီးထားခဲ့ဖို့ရှိရင်
ပူဆွေးခြင်း မဖြစ်ပါနဲ့။

ကျွန်မရဲ့ငါးလွှာတဲ့
ဒီသီးသန့် ဖြစ်မှုကလေးဟာ
မိန်းမတစ်ယောက်ရဲ့
အရှက်အကြောက်ကြီးခြင်း မဟုတ်ပါဘူး။
ကျွန်မရဲ့ အလိုလိုညွှတ်တဲ့ပန်းပွင့်
တိတ်ဆိတ်တဲ့ ကျက်သရေနဲ့
ရှင့်ဆီကို တိမ်းညွှတ်ရင်း နားနေဧ
ညှာတံ တစ်ခုသာပါ။

ဝတ်ရုံ

သည်နေ့မှာ ကိုယ်ဟာ
သည်ဝတ်ရုံကို ဆင်မြန်းထားတယ်။
ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ခန္ဓာကိုယ်ဟာ
တေးသီလိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေလို့။

ကိုယ်ဟာ အချစ်မှာ
ထာဝစဉ် အပျော့ပေးလိုက်ရုံနဲ့
မလုံလောက်သေးဘူး။
အချစ်ထဲကနေပြီး
နေ့တိုင်းလက်ဆောင်သစ်တွေကို
ပေးနေရမယ် မဟုတ်လား။
ဝတ်ရုံသစ်ကို ဝတ်လိုက်တဲ့ အခါကျတော့
ကိုယ့်ဟာ ပူဇော်ဖွယ်ပစ္စည်းအသစ်တစ်ခုနဲ့
တူမနေပေဘူးလား။

ညချမ်း ကောင်းကင်လို
ကိုယ့်နှလုံး ဟာလဲ
အရောင်အသွေး မျိုးစုံကို
အဆုံးမရှိ တောင့်တနေမိတယ်။

ဒါကြောင့်မို့ ကိုယ်ဟာ
ကိုယ့်ဝတ်ရုံကို ကြောခဏ လဲနေတာပေါ့။
ခုနေမှာ အေးမြတဲ့
နှင်းကလေးတွေရဲ့ အစိမ်းရောင်
တောက်တောက်ကြာတော့
ဆောင်းဥတုရဲ့ ကောက်ပင်ရောင်။

သည်နေ့တော့
ကိုယ့်ဝတ်ရုံဟာ မိုးစက် ဇာနား တပ်ထားတဲ့
ကောင်းကင်ပြာရောင် သမ်းနေတယ်။
သည်ဝတ်ရုံကို ဝတ်လိုက်တော့
ကိုယ့် ကိုယ်လက်အင်္ဂါတွေဟာ
အဆုံးမရှိတဲ့ ကောင်းကင်ကြီးရဲ့ အရောင်
ပင်လယ် တစ်ဖက်ကမ်း က
တောင်တန်းတွေရဲ့ အရောင်တွေ
ယှက်သန်းလာတယ်။
ပြီးတော့ ဝတ်ရုံရဲ့ အလွှာတွေထဲမှာ
လေထဲမှာ ပျံဝဲလာနေတဲ့
နွေတိမ်တိုက်ရဲ့ ကြည်နူးမှုကို
ယူဆောင်လာခဲ့တယ်။

အချစ်ရဲ့ သံစဉ်

အချစ်ရဲ့ စကားလုံးတွေကို
သူ့နဂို အရောင်အတိုင်း
ရေးရမလားလို့ ကိုယ် တွေးမိတယ်။
ဒါပေမယ့် အချစ်တဲ့ နဂိုအရောင်ဟာ
နှလုံးသားထဲမှာ နက်ရှိုင်းစွာ တည်နေတယ်။

မျက်ရည်တွေနဲ့ ရေးရင်လဲ
မျက်ရည်တွေရဲ့ အရောင်က
ပျော့တော့လွန်း နေတယ်။

အချစ်ရဲ့ စကားလုံးတွေဟာ
အရောင်အသွေး မရှိဘူးဆိုတာ
သင်များ သိသလား မိတ်ဆွေ။
ပြီးတော့ အချစ်ရဲ့ စကားလုံးတွေကို
သူ့နဂို တေးသံစဉ်အတိုင်း
ကိုယ် သီဆိုရမလားလို့လဲ တွေးမိတယ်။

ဒါပေမယ့် ဒီသံစဉ်တွေဟာ
ကိုယ့်နှလုံးသားထဲမှာ မြည်နေကြပြီး
ကိုယ့်မျက်လုံးတွေကလဲ
တိတ်ဆိတ်နေကြတယ်လေ။

တကယ်လို့ သည်စကားလုံးတွေမှာ
တေးသံစဉ် မရှိဘူးဆိုရင်
အချစ်အကြောင်းကို သင် ဘယ့်နှယ်လုပ်ပြီး
သိနိုင်ပါ့မလဲ မိတ်ဆွေ။

ရှောင်ပုန်းနေသော စေသားများ

ညကျတော့ တေးသီချင်းသံဟာ
ကိုယ့်ဆီကို ရောက်လာခဲ့တယ်။
ဒါပေမယ့်
အဲဒီတုန်းက မင်း မရှိကဲ့ဘူးကွယ်။

ဒီသီချင်းဟာ
ကိုယ့်တစ်နေ့လုံး လိုက်ရှာနေတဲ့
စေသားတွေကို ရသွားတယ်။
ဟုတ်တယ်။ ညမှောင်ရိပ်ပြီး
တိတ်ဆိတ်တဲ့ ခဏကလေးအတွင်းမှာ
ဒီစကားလုံးတွေဟာ
ဂီတအဖြစ် အသက်ဝင်လာကြတယ်။
ဒီဂီတသံကြောင့် ကောင်းကင်မှာ
လက်နေတဲ့ ကြယ်ကလေးတွေတောင်မှ
အလင်းရောင် မှိတ်တုတ်မှိတ်တုတ်
ဖြစ်လာတယ် ထင်ရရဲ့။
ဒါပေမယ့် အဲဒီတုန်းက မင်း မရှိခဲ့ဘူးကွယ်။

ဒီတေးကို မနက်ဖြန်ရင်
မင်းကို ဆိုပြမယ်လို့ ကိုယ် စိတ်ကူးခဲ့တယ်။
ဒါပေမယ့် ဘယ်လောက်ပဲ ကြိုးစားကြိုးစား
မင်း ကိုယ့်အားကို ရောက်လာတဲ့ အခါကျတော့
ဂီတသံက ထွက်ပေါ်လာခဲ့ပေမယ့်
စကားလုံးတွေဟာ
အဝေးမှာ ရှောင်ပုန်းနေကြခဲ့တယ်ကွယ်။

စကားသံ တိတ်ငြိတ်

ညက နက်ရှိုင်းလာပြီး
ငြိမ်လုဆဲ မီးတောက်မီးအိမ်ထဲမှာ
မှိတ်တုတ်မှိတ်တုတ် ဖြစ်နေတယ်။

တစ်နေ့တာအတွက် မြစ်ဆိပ်မှာ ရေခပ်နေတဲ့
ကျေးတောသူဟာ အချိန်ကုန်သွားမှန်းကို မသိလိုက်သလို
ကိုယ်လဲပဲ ညနေခင်းမှာ သူ့တံခါးကို သူ
ဘယ်အချိန် ပိတ်သွားလိုက်မှန်း မသိလိုက်ဘူး။

အချစ်ရယ်
ကိုယ်ဟာ ကိုယ့်အသံကိုတောင်
ကိုယ် မမှတ်မိတော့ဘဲ
မင်းကို ကိုယ် စကားတွေ ပြောနေခဲ့တယ်။
ကိုယ် ပြောတဲ့ စကားတွေဟာ
အဓိပ္ပာယ်ကော ရှိရဲ့လား
ကိုယ့်ကို ပြောပြစမ်းပါဦး။
ကိုယ့်စကားတွေဟာ
ဘဝရဲ့ နယ်နိမိတ် တစ်ဖက်က
သတင်းစကားတွေကိုကော
ယူဆောင်လာခဲ့ရဲ့လား။

ခုတော့ ကိုယ့်အသံလဲ တိတ်ခဲ့ပြီလေ။
ထုံကျဉ်မှု ချောက်ကမ်းပါးကြီးကို
အကြောက်ကြောက်နဲ့ ငေးကြည့်နေတဲ့
အတွေးတွေနဲ့ ရင်ခုန်နေတဲ့ ညကိုသာ
ကိုယ် ခံစားထိတွေ့ ရတော့တယ်။

## ပျံလေတော့ အချစ်တေးရယ်

ကိုယ်တို့နှစ်ယောက် တွေ့ကြတဲ့အခါကျတော့
ကိုယ့်နှလုံးသားမှာ ဂီတသံ မြည်လာတယ်။
ထာဝရ ဝေးခဲ့ရတဲ့ ချစ်သူဟာ
သင့်အပါးမှာ အမြဲရှိတော့မယ်’တဲ့။

ဒီဂီတဟာ တိတ်ဆိတ်တဲ့ ဂီတဖြစ်တယ်။
ဘာဖြစ်လို့လဲဆိုတော့
ကိုယ့်အချစ်ဟာ အနီးကလေးမှာတွင် ရှိတယ် ထင်လို့။
ပြီးတော့ ကိုယ့်အချစ်ဟာ အဝေးကြီး
ထိုအဝေးကြီးမှာ ရှိတယ်ဆိုတာကိုလဲ ကိုယ် မေ့နေလို့။

ဂီတဟာ ကိုယ်တို့နှစ်ယောက်ကြားက
အကန့်အသတ် မရှိတဲ့
စကြဝဠာတစ်ခုလုံးမှာ ပြည့်နေတယ်။
ဒီဂီတသံကို
ကိုယ်တို့ရဲ့ နေ့စဉ်ကျင့်ဝတ်ဆိုတဲ့
နှင်းမြူတွေက ပီသခြင်းမရှိအောင်
ပိတ်ဆို့ထားကြတယ်။

လေညင်းဟာ တိတ်ဆိတ်မှုထဲက
အတောမသတ်တဲ့ ညည်းချင်းတွေကို
သယ်ဆောင်လာတတ်တဲ့
ရှက်ရွံ့ နွေညတွေမှာဆိုရင်
ကိုယ်ဟာအိပ်ရာထက်မှာထထိုင်ပြီး
ကိုယ့်ဘေးမှာ ရောက်နေတဲ့
သူ့ကို ဆုံးရှုံးခဲ့ရတဲ့အတွက်
ပူဆွေးသောက ရောက်ခဲ့ရတယ်။
ပြီးတော့ ထာဝရ နရီစည်းချက်တွေ ရှိတဲ့
ဒီချစ်စကားလုံးတွေကို
သူ့ကို ဘယ်ဒါပြောမှ ပြန်ပြောနိုင်တဲ့
အခွင့်ကြုံပါတော့မလဲ’လို့
ကိုယ့်ကိုယ်ကို ပြန်မေးနေမိတယ်။

အို တေးသီချင်း
အိပ်ပျော်နေရာမှ နိုးပါတော့။
ထုံးစံဆိုတဲ့ ကန့်လန့်ကာကြီးကို ဆုတ်ဖြဲပြီး
အဝေးမှာရှိတဲ့ ကိုယ့်ချစ်သူဆီကို
ပျံသန့်သွားပါလေတော့။
ကိုယ်တို့နှစ်ဦး ပထမဆုံး တွေ့ဆုံရာ
အဆုံးမရှိတဲ့ အံ့သြမှုဆီကို
ပျံသန်းသွားပါတော့။

ဖေဖေပြောတဲ့ နိဗ္ဗာန်

အဖေက အသုဘကိစ္စတွေပြီးလို့
အိမ်ပြန်လာခဲ့တယ်။
ခုနစ် နှစ်ရွယ်သားငယ်က ပြတင်းပေါက်က ရပ်ပြီး
သူ့လည်ပင်းမှာဆွဲထားတဲ့
လက်ဖွဲ့ကလေးကို ငုံ့ကြည့်ရင်း
သူ့အရွယ်နဲ့မလိုက်တဲ့
အတွေးတွေထဲမှာ နစ်မြုပ်လို့။

အဖေကသားလေးကို
ကောက်ချီတဲ့အခါကျတော့ သားလေးက
'ဖေဖေ၊ မေမေကော'လို့
မေးရှာတယ်။

'မေမေနိဗ္ဗာန်မှာပေါ့'လို့
အဖေက ကောင်းကင်ကို
လက်ညှိုးထိုးပြပြီး ပြောတယ်။

ညကျတော့ အဖေဟာ
သေးကကြောင့် ညှိုးနွမ်းပြီး
အိပ်မက်ထဲမှာ
ကယောင်ကတမ်း ညည်းတယ်။
အိပ်ခန်းတံခါးဝမှာ
မီးအိမ်ကလေး တစ်လုံးက မှိန်မှိန်လင်းလို့။
နံရံပေါ်မှာ
အိမ်မြှောင်ကလေးတစ်ကောင်က
ပိုးကောင်ကလေးတွေနောက်ကို
လိုက်နေတယ်။

သားငယ်ဟာ အိပ်ရာမှ နိုးလာတယ်။
အိပ်ရာကို စမ်းကြည့်လိုက်လို့
သူ့ဘေးမှာ ဟာလာဟင်းလင်းဖြစ်နေတော့
အပြင်လသာဆောင်ကို
တိတ်တိတ်ကလေး ထွက်လာခဲ့တယ်။

သားငယ်ဟာ ကောင်းကင်ကို
တိတ်ဆိတ်စွာ ငေးကြည့်နေတယ်။
ညအမှောင်ထဲကို ငေးစိုက်ကြည့်ရင်း
'အဖေပြေးတဲ့ နိဗ္ဗာန် ဆိုတာ
ဘယ်မှာလဲ'လို့ တွေးနေတယ်။
ညအမှောင်ထုကြီးကို
မေးကြည့်မိတယ်။

ဒါပေမယ့်
အဖြေကိုတော့ မရပါဘူး။
ကြယ်ပွင့်တွေဟာ
ဘာမှ မသိတဲ့ အမှောင်ထုကြီးရဲ့
တောက်လောင်နေတဲ့
မျက်ရည်ပေါက်တွေနဲ့ တူနေကြတယ်။

ဖြေသိမ့်ခြင်း

ည ကုန်ခါနီးတော့
သူမ ထွက်သွားခဲ့တယ်။
'ဒါတွေဟာ မိုက်မဲမှုတွေ၊
မောဟတွေပါ'လို့
ကိုယ့်စိတ်ကိုယ် ဖြေသိမ့်ကြည့်တယ်။

ကိုယ်ဟာ စိတ်ဆိုးဆိုးနဲ့
ကိုယ့်ကိုယ်ကို ပြောနေမိတယ်။
'ဟောဒီမှာ
သူ့လိပ်စာ တပ်ထားတဲ့ စာအိတ်၊
ဟောဒီမှာ
သူကိုယ်တိုင် ပိုးနီစကလေး
ကင်းရေခဲလိုက်ထားတဲ့
ယပ်တောင်ရယ်၊
ဒါတွေဟာကော အစစ်အမှန်မဟုတ်
တော့ဘူးတဲ့လား'လို့။

ရက်တွေ ကြာသွားတဲ့ အခါကျတော့
ကိုယ့်မိတ်ဆွေရောက်လာပြီး
'ကောင်းမြတ်တဲ့ အရောတိုင်းဟာ
အစစ်အမှန် ဖြစ်ပါတယ်။

သည်အရာတွေဟာ ဘယ်တော့မှ
မပျက်စီးနိုင်ပါဘူး’လို့
ကိုယ့်ကို အားပေးတယ်။

‘ခင်ပွားက ဘာဖြစ်လို့ သိရတာလဲ’
ခု ဂျွန်တော့်ချစ်သူရဲ့ ခန္ဓာကိုယ်ဟာ
ကောင်းမြတ်တာပဲမဟုတ်ဘူးလား။
ဒါပေမယ့် ဘာဖြစ်လို့ မသိနိုင်တဲ့ နေရာမှာ
ကွယ်ပျောက်သွားရတာလဲ’လို့
ကိုယ်က စိတ်တိုတိုနဲ့ မေးမိတယ်။

စိတ်ကောက်နေတဲ့ ကလေးငယ်ဟာ
အမေကို ထုရိုက်သလို
ကိုယ်ဟာလဲ
ကိုယ် ခိုလှုံရာ ပျက်ဆီးပစ်ခဲ့တယ်။
‘လောကကြီးဟာ မတရားဘူး’လို့
ကိုယ်က ပြောတယ်။

သည်တုန်းမှာ
‘ကျေးဇူးကန်းလှချည်လား’ဆိုတဲ့
အသံ တစ်သံကို ကိုယ်ကြားလိုက်ရတယ်။

ပြတင်းပေါက် အပြင်ဖက်ကို
ကိုယ်လှမ်းကြည့်လိုက်တယ်။
ကိုယ့်ကို အပြစ်တင်တဲ့ အသံဟာ
ကြယ်ပျောက်ညထဲက
ပေါ်ထွက်လာတယ်လို့ ထင်လိုက်ရတယ်။

ဂျွန်မ လာပြီဆိုတဲ့
ရှင့် ယုံကြည်ချက်ဟာ
ရှင့်ရဲ့ စိတ်အထင်သော ဖြစ်တယ်’ဆိုတဲ့ ပြစ်တင်သံပဲ။

## လွမ်းခလေ့

မြစ်က ပြာမှိုင်းလို့။
လေက သဲမှုန်တွေကြောင့် မှူးဝေလို့

မှောင်မည်းဆူညံတဲ့ မနက်မှာ
ငှက်တွေက တေးသံတိတ်လို့။
သူတို့သိုက်မြုံတွေက လေပြင်းထဲမှာ
လှုပ်ယမ်းနေကြတယ်။
သည်တုန်းမှာ ကိုယ်တစ်ယောက်တည်း ထိုင်ရင်း
‘ကိုယ့်ချစ်သူ ဘယ်မှာလဲကွယ်၊
ကိုယ့်ချစ်သူ ဘယ်ရောက်သွားပြီလဲ’လို့
မေးနေမိတယ်။

ကိုယ်တို့နှစ်ယောက်အတူ
ရွှေလည်တွဲခဲ့ကြတဲ့ နေ့ရက်တွေဟာ
အဝေးကို ပျံပြေးသွားပြီလေ။
သည်တုန်းက ကိုယ်တို့နှစ်ယောက်ဟာ
ရယ်မောခဲ့ကြတယ်။
နောက်ပြောင်ကျီစယ်ခဲ့ကြတယ်။

အချစ်ရဲ့ခမ်းနားကြီးကျယ်မှုဟာ
ဘယ်လောက် လေးနက်ကြောင်း
ကိုယ်တို့နှစ်ယောက်
စကားလုံးတောင် ရှာမရခဲ့ကြဘူး။

အဲဒီတုန်းက ကိုယ်ဟာလဲ
အချစ်နဲ့ နိုင်းဇလိုက်ရင်
သေးငယ်နေတယ်။ သူကလဲ တီတီတာတာ စကားတွေနဲ့
အချိန်ကာလတွေကို
သေးငယ်အောင် လုပ်ခဲ့တယ်။

ဒီနေ့တော့ ကိုယ့်အနားမှာ
သူ ရှိစေချင်ပေမယ့် မရှိတော့ဘူးလေ။
မနက်ခင်း
မုန်တိုင်းရဲ့ မှိုင်းမှုန်မှုန်ထဲက
ကိုယ့်ဝိညာဉ်ရဲ့ အထီးကျန်ထဲမှာ
ကိုယ်တစ်ယောက်တည်း ထိုင်နေရတယ်။

## လိုက်ရှာသူများ

လန်းဆန်းနေတဲ့ စံပယ်ပန်း တစ်ပွင့်ကို
ကိုယ့်ကို သူခေါ်တဲ့ အသံဟာ
ကိုယ်တို့ ချစ်ခဲ့ကြတဲ့
တစ်ဆယ့်ခုနစ်နှစ်လုံးလုံး
ပွင့်လန်းခဲ့တယ်။
သူ့ခေါ်သံဟာ
သစ်ရွက်တွေ ကြားထဲမှာ
တုန်ယင်နေတဲ့ အလင်းရောင်နဲ့
ရောထွေးသွားတယ်။
မိုးသည်းည မြက်ပင်တွေရဲ့
သင်းပျံ့ရနံ့နဲ့ ရောထွေးသွားတယ်။
ပျင်းရိစရာကောင်းတဲ့ နေ့တွေရဲ့

နောက်ဆုံး ကြေကွဲဖွယ်ကာလနဲ့
ရောသွားတယ်။

ဒီခေါ်သံကို ပြန်ထူးတဲ့ ကိုယ်ဟာ
ဘုရားသခင်တစ်ပါးတည်းရဲ့
ဖန်ဆင်းချက် မဟုတ်ပါဘူး။

လှစ်ခနဲ ကုန်သွားတဲ့
ဒီဆယ်ခုနစ်နှစ် ကာလကလေးမှာ
ဒီနှာမည်ရှင် ဖြစ်တဲ့ကိုယ့်ကို
သူကပဲ ဖန်ဆင်းပေးခဲ့တာပေါ့ပဲ။
နောက်မှာလဲ ကိုယ်ဟာ ဆက်ပြီး
အသက်ရှင် နေရဦးမှာပဲ။

ဒါပေမယ့် ခေါ်သံရဲ့
တွေးပိုက်မှုထဲမှာ မရှိကြတော့တဲ့
လေလွင့်နေတဲ့ ဒီရက်တွေဟာ ပြန့်ကျဲပြီး
အဓိပ္ပာယ်ကင်းမဲ့နေမှာ အမှန်ပေါ့ပဲ။
'ဂျွန်တော်တို့ကို ဘယ်အသံ
ယုယပိုက်ထွေးမှာလဲ'လို့
နေ့ရက်တွေက မေးကြတယ်။

ဘာမှမဖြေနိုင်ဘဲ ငူငူကြီး
ကိုယ် ထိုင်နေမိတယ်။

နေ့ရက်တွေဟာ
ကိုယ့်ဆီက ခွဲခွာသွားကြရင်း
'ဒီလိုဆိုရင် ကျွန်တော်တို့
သခင်မကို လိုက်ရှာတော့မယ်'လို့
ပြောသွားကြတယ်
သူတို့ဘယ်သူ့ကိုများ
လိုက်ရှာကြလေဦးမှာလဲ။
သူတို့လဲ ပုံရမကြဘူး၊
အထီးကျန် ညနေချမ်း တိမ်တိုက်လို
သူတို့ဟာ လမ်းမရှိတဲ့
အမှောင်ထုကြီးထဲမှာ
ပျောပါ သွားကြပြီး
ပျောက်ကွယ်သွား ကြလေရဲ့။

## ပျံ့သန်းလာသော တေးသံများ

မင်းရဲ့ တိုတောင်းလှတဲ့
ဘဝ တိုတိုကလေးထဲမှာ
မင်းရဲ့ ချစ်ရက်တွေဟာ
ဘာမှမကျန်ရစ်ခဲ့ ပါဘူးကွယ်။
ခုတော့ ဒီချစ်ရက်ကလေးတွေကို
မင်း ဘယ်နေရာဘယ်ဘုံမှာ
သိမ်းထားသလဲဆိုတာ
ကိုယ် သိချင် လိုက်ပါဘိတော့။
မင်းရဲ့ ညနေချမ်း တေးသီချင်းလေးတွေဟာလဲ
ကွယ်ပျောက်ခဲ့ကြပေါ့။
ဒါပေမယ့် မသေဆုံးနိုင်တဲ့
မင်းရဲ့တေး ပဲ့တင်သံကလေးတော့
ကျန်ရစ်ခဲ့တယ်။
မင်းရဲ့ရောင့်ရဲခြင်း မရှိတဲ့
အချိန်ကာလရဲ့ သက်ပြင်းချသံတွေဟာ
နွေနှောင်း မွန်းတည့်ရဲ့
ပူနွေးတဲ့ တိတ်ဆိတ်မှုထဲမှာ
နားခိုနေတယ်ဆိုတာ
ကိုယ်တွေ့ရတယ်။

ကိုယ့်အသည်းနှလုံးကို တစ္ဆေခြောက်ဖို့
မင်းရဲ့ဆန္ဒတွေဟာ အတိတ်ပျားအုံထဲက
ပျံလာကြတယ်။
ကိုယ်ဟာ အဲဒီတောင်ပံတွေရဲ့
အသံတွေကို နားထောင်ဖို့
မလှုပ်မယှက် နေမိတယ်လေ။

## သေဆုံးသွားသော အလွမ်းဝေဒနာ

မြက်ပင်တွေဖုံးနေတဲ့
လမ်းကလေး တစ်လျှောက်မှာ
ကိုယ်လမ်းလျှောက်နေတုန်း
'ကျွန်မကို မှတ်မိသေးရဲ့လား'ဆိုတဲ့
အသံ တစ်သံကို
ရုတ်တရက် ကြားလိုက်ရတယ်။
ကိုယ်က လှည့်ကြည့်လိုက်ပြီး
ဟင့်အင်း၊ မင်းနာမည်ကို
ကိုယ် မမှတ်မိတော့ဘူး'လို့
ပြောလိုက်တယ်။

'ရှင်  ငယ်ငယ်တုန်းက
ပထမဆုံးတွေ့ခဲ့ဖူးတဲ့ အလွမ်းရယ်လေ'တဲ့။
သူ့မျက်လုံးတွေက
နှင်းမြူတွေ ဝေနေတဲ့ မနက်ခင်းလိုပဲ။
ကိုယ်ဟာ အတော်ကြာ ရပ်နေမိတယ်။
ပြီးမှ 'မင်း မျက်ရည်ဝန်ထုပ်တွေကို
ချပြီးပလားလို့' ကိုယ်က မေးတယ်။

သူက ဘာမှ မပြောဘဲပြုံးနေတယ်။
တကယ်တော့ သူ့မျက်ရည်တွေဟာ
အပြုံးရဲ့ ဘာသာစကားတွေကို သင်ကြားဖို့
အချိန်ရခဲ့ပြီ ထင်တယ်လေ။

'ရှင့် သေနကကို ထာဝစဉ်
ရင်မှာ ပိုက်ထားတော့မယ်လို့
ရှင် တစ်ခါက ပြောခဲ့ဖူးတယ်လေ'တဲ့။
သူက တိုးတိုးလေး ပြောတယ်။

ကိုယ့်မျက်လုံးဟာ နီရဲသွားပြီ။
'ဟုတ်တယ်၊ ဒါပေမယ့် မျက်ရည်တွေဟာ
ကုန်ခန်းပြီး မေ့သွားကြပြီ'လို့
ပြောမိတယ်။

ပြီးတော့ ကိုယ်က
သူ့လက်ကို ဆုပ်လိုက်ပြီး
'မင်းကတော့
တော်တော်ပြောင်းလဲသွားပြီနော်'လို့
ပြောမိတယ်။

'ဟုတ်ပါတယ်၊
တစ်ခါတုန်းက ရှိခဲ့ဖူးတဲ့
အလွမ်းတစ်ခုတော့
ငြိမ်းချမ်းမှု ဖြစ်သွားပြီ'လို့
သူကပြောတယ်။

## စိမ်းလန်းသော အချစ်ကျွန်း

ငါတို့ဘဝများသည်
ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်တွင်
ရွက်လွင့်လျက်ရှိကြ၏။
လှိုင်းလုံးကြီးများသည် ထာဝရ
တူပုန်းတမ်းကစား နေကြရင်း
တစ်လုံးကို တစ်လုံး လိုက်နေကြ၏။

ထိုပင်လယ်ကြီးသည် အနားမနေသည့်
ပြောင်းလဲခြင်းပင်လယ်ကြီး ဖြစ်၏။
အမြုပ်ထလျက်ရှိသော မိမိ၏သိုးအုပ်များကို
တစ်ကောင်ပြီးတစ်ကောင်
ကျွေးလျက်ရှိ၏။
ငြိမ်သက်သည့် ကောင်းကင်ကြီးကို
လက်ဖြင့် ထုရိုက်လျက်ရှိ၏။

အမှောင်နှင့် အလင်းတို့၏
ဝိုင်းကြီးပတ်ပတ် ကနေသော
စစ်ချီအကဝိုင်းကြီး၏ အလယ်၌
အချစ်သည် ရှိ၏။
အချစ်သည် ထိုအထဲတွင်
စိမ်းလန်းသော ကျွန်းကလေး
တစ်ကျွန်းဖြစ်၏။
ထိုကျွန်း၌ နေမင်းသည်
ရှက်ရွံ့သော တောရိပ်ကို
နမ်းရှုပ်လျက်ရှိ၏။
ငှက်တို့၏ တေးသီချင်းသံချားသည်
တိတ်ဆိတ်ခြင်းကို
ပိုးပန်းလျက် ရှိကြကုန်၏။

## အနုပညာသည်၏ ဝိပါက်

ဈေးကလေးအတွင်း ပန်းချီဆရာတစ်ယောက်သည်
ပန်းချီကားများကို ရောင်းချလျက်ရှိ၏။
ထိုစဉ် အမတ်ကြီးတစ်ဦး၏သားသည်
အခြွေအရံများဖြင့် ဈေးသို့ ရောက်လာ၏။
အမတ်ကြီး၏သားသည်
ငယ်စဉ်က ပန်းချီဆရာ၏ဖခင်ကို
လိမ်လည်လှည့်ဖြား ခဲ့သောကြောင့်
ပန်းချီဆရာ၏ ဖခင်သည်
ရင်ကွဲနာကျ၍ သေခဲ့ရ၏။
အမတ်ကြီး၏သားငယ်သည်
ပန်းချီကားများကို လျှောက်ကြည့်ရင်း
သူ ကြိုက်သည့် ပန်းချီကားတစ်ချပ်ကို
ရွေးချယ်လျက်ရှိ၏။
ပန်းချီဆရာက ထိုပန်းချီကားကို
အဝတ်ဖြင့် အုပ်လိုက်ပြီးနောက်
ထိုပန်းချီကားကို မရောင်းနိုင်ကြောင်းဖြင့် ပြောဆိုခြင်းပြု၏။

အမတ်ကြီး၏သားသည်
ထိုပန်းချီကားကို လိုချင်သဖြင့်
တသသဖြစ်လျက် ရှိ၏။
ထိုစဉ် အမတ်ကြီး နောက်လာက
တန်ဖိုးကြီးစွာ ပေး၍ဝယ်ယူခြင်းပြု၏။
သို့ရာတွင် ပန်းချီဆရာသည်
ပန်းချီကားကို ရောင်းခြင်းမပြုဘဲ
နံရံတွင် ချိတ်မြဲချိတ်ထားပြီးနောက်
ထိုပန်းချီကားရှေ့တွင် သုန်မှုန်စွာ ထိုင်ရင်း
'ဤသည်ပင်လျှင်
ငါ၏လက်ရာပျောက်မှု ဖြစ်တော့သည်'ဟု
မြည်တမ်းလျက် ရှိလေသတည်း။

ပန်းချီဆရာသည် မနက်တိုင်း
မိမိကိုးကွယ်သော ဘုရားပုံတော်ကို
ရေးဆွဲလေ့ရှိ၏။
သို့ရာတွင် သူ ရေးဆွဲသည့်
ပန်းချီကားများသည်
ယခင်က ကားများနှင့် မတူဘဲ
ခြားနားလာကြောင်းကို တွေ့ရှိလာရ၏။

သို့ဖြင့် ပန်းချီဆရာသည် အကြောင်းကိုရှာ၏။
သို့ရာတွင် ရှာ၍မတွေ့။
တစ်နေ့တွင်မူ ပန်းချီဆရာသည်
ပန်းချီဆွဲနေရာမှ လန့်၍ ထခုန်လိုက်သည်။
သူ ဆွဲနေသည့် ဘုရား၏ပုံတော်မျက်လုံးများသည်
အမတ်ကြီး၏ မျက်လုံးများနှင့် တူနေသည်ကို တွေ့ရ၏။
နှုတ်ခမ်းများကလည်း ထိုအတိုင်း ဖြစ်နေ၏။
ပန်းချီဆရာသည် ပန်းချီကားကို
ဆွဲဆုတ်ပစ်လိုက်ပြီးနောက်
'ငါ၏လက်ရေးမြေမှုသည်
ငါ့အပေါ်သို့ ပြန်ကျရောက်လာလေပြီ'ဟု
ပြည်တမ်းခြင်းပြုလေ၏။

ရယ်မောသူ

ဒေါသထွက်ကာ
နှုတ်ဆိတ်လျက်ရှိသော ဘုရင်၏ရှေ့မှောက်သို့
စစ်ဗိုလ်ချုပ်ကြီး ဝင်ရောက်ခစားခြင်းပြု၏။
'မှန်လှပါ၊ ကျေးရွာကို အပြစ်ပေးပြီးပါပြီ၊
ယောက်ျားတို့ မြေကြီးထဲသို့ ရောက်ကြ၍
မိန်းမတို့လည်း မီးစောင်မဲ့သောအိမ်များထဲတွင်
ငိုကြွေးခြင်းမပြုရဲဘဲ
ပြားပြားဝပ် ကြောက်ရွံ့နေကြပါပြီဘုရား'ဟု လျှောက်၏။

အဓါတော်ပေး ပုဏ္ဏားသည် မတ်တတ်ရပ်ကာ
'သဓာဒေဝ နတ်ကောင်းနတ်မြတ်တို့
စောင့်ရှောက်စေသတည်'ဟု
ကောင်းချီးသြဘာ ပေး၏။
ဤသည်ကို ကြားသည့်အခါတွင်
နန်းတွင်း လူရွှင်တော်သည်
ဟက်ဟက်ပက်ပက် ရယ်မော၏။
သူ့ရယ်သံကြောင့် နန်းတော်တစ်ခုလုံး
လန့်ဖျပ်ကြ၏။ ဒေါသထွက်ကြ၏။

အရှင်ဝေဇပလ္လင် ဂုဏ်သိက္ခာသည်
အရှင်၏ဘုန်းတန်ခိုးနှင့်
သမာဒေဝနတ်ကောင်းနတ်မြတ်များ၏ စောင့်မမှုကြောင့်
တိုးတက်သည်ထက် တိုးတက်လျက်ရှိကြောင်းပါ ဘုရေလ’ဟု
အမတ်ကြီးက လျှောက်တင်။

ထိုအခါ နန်းတွင်းလူရွှင်တော်သည်
ပို၍ ကျယ်လောင်စွာ ရယ်မောခြင်း ပြုပြန်၏။
‘အဘယ်ကြောင့် အချိန်အခါမဟုတ်
ပျော်မြူးနေဘိသနည်း’ဟု ဘုရင် မေး၏။

‘သမာဒေဝ နတ်ကောင်း နတ်မြတ်များသည်
အရှင့်အား ကောင်းချီးသြဘာ များစွာပေး၍
ကျွန်တော်မျိုးကိုမူ ရယ်မောခြင်းဟူသည့်
ဆုလာဘ်တစ်ခုတည်းကိုသာ
ပေးသနားသောကြောင့် ဖြစ်ပါ၏’ဟု
လူရွှင်တော် လျှောက်၏။

‘ဤဆုလာဘ်သည် သင့်အသက်နှင့်
တန်ဖိုးပေး၍ ရသော ဆုလာဘ်ဖြစ်သည်’ဟု ဆိုကာ
ဘုရင်သည် ဓားအိမ်မှ
ဓားလွတ်ကို ဆွဲထုတ်၏။
သို့တိုင်အောင် လူရွှင်တော်သည်
ရယ်မောခြင်းမရပ်၊
မတ်တတ်ထကာ အားရပါးရ ရယ်မော၏။
နောက်ထပ် ရယ်မောခြင်း မပြုနိုင်တော့သည့်တိုင်
ရယ်မောခြင်းပြု၏။
နန်းရင်ပြင်အလုံးသည်
ကြောက်လန့်တကြား ဖြစ်လျက်ရှိ၏။
အကြောင်းမူ လူရွှင်တော် ရယ်သံသည်
သမောဝေနတ်များ၏ နက်ရှိုင်းသော တိတ်ဆိတ်မှုထဲတွင်
ပဲ့တင်ရိုက်ခတ်လျက် ရှိသည်ကို
သူတို့ ကြားရသောကြောင့်ဖြစ်ပေ၏။

အလင်္ကာစောင်း

လောကတွင် အတောင့်တဆုံး
မြင်လင့်မျက်တို့ ပြည့်ဝစေရန်
ခေတ်အဆက်ဆက်
ရက်လုပ်ခဲ့သည့် ကောင်ဇောကို
သူတို့သည် အစိတ်စိတ် အမွှာမွှာဖြစ်အောင်
ဓါးသတကြီးဖြင့် ဆုတ်ဖြဲခဲ့ကြ၏။
ချစ်မေတ္တာကို ပူဇော်သည့် ပစ္စည်းတို့သည်
အစုတ်အပြဲပုံကြီးအဖြစ်သို့ ရောက်ခဲ့ရပြီ။
မိမိတို့၏ ဘုရားသခင်သည်
ပြန်လည်ကြွမြန်း လာတော့မည်ဆိုသည်ကို
ရူးသွပ်နေသည့် လူအုပ်အား
သတိပေး နှိုးဆော်ရန် ပစ္စည်းဟူ၍
မျက်စိလျက်ရှိသော ပလ္လင်ပေါ်တွင် ဘာမျှ မကျန်တော့။

သူတို့သည် မိုက်ရူးရဲ စိတ်ဇော်ဖြင့်
မိမိတို့၏ အနာဂတ်ကို
ပြာမှုန်အဖြစ်သို့ ရောက်အောင်
မီးရှို့ ဖျက်ဆီးပစ်ခဲ့ ကြလေပြီ။
ယင်းနှင့်အတူ
မိမိတို့ ပွင့်လန်းမည့် အချိန်အခါကိုလည်း
မီးရှို့ဖျက်ဆီးခဲ့ ကြလေပြီ။

လေသည် ရက်စက်ကြမ်း သူတို့ကို
အောင်ပွဲခံရမည် ဆိုသည့် ကြွေးကြော်သံဖြင့်
ကြမ်းတမ်းလျက်ရှိ၏။
ကလေးငယ်သည် ပိန်ချုံးကာ
လူကြီးငယ်အသွင် ပေါက်နေကြ၏။
အချိန်သည် လှည့်ပတ်သွားလာလျက် ရှိသော်လည်း
ရှေ့သို့ တိုးတက်ခြင်းမရှိဟု
သူတို့ချင်းချင်း တီးတိုးပြောကြ၏။
မိမိတို့သည် ပြေးရန် တံပြာ အတို့ခံရသော်လည်း
မည်သည့် ပန်းတိုင်ကိုမျှရောက်မည် မဟုတ်ဟု
တီးတိုးပြောကြ၏။
ဘုရားသခင်၏ဖန်ဆင်းခြင်း တရားသည်
မျက်မှန်း မှန်းဆ၍ စမ်းသကဲ့သို့ဖြစ်သည်ဟု
တီးတိုး ပြောကြကုန်၏။

'အို၊ အချင်းတို့။
သင်တို့၏ သီဆိုမှုတို့ကို ရပ်ကြကုန်။
တေးသီချင်းဟူသည်
နောက်လာမည့် အနာဂတ်အတွက်သာ ဖြစ်၏။
အဆုံးမရှိသော တိုက်ပွဲဟူသည်
တကယ် စစ်မှန်သော အရာတို့အတွက်သာဖြစ်၏ ဟု
ငါတစ်ယောက်တည်း ဆိုမိ၏။

ခြေသံကို မြေကြီးတွင် ကပ်၍
နားထောင်နေသည်သကဲ့သို့
လဲလျောင်းလျက်ရှိသော လမ်းမသည်
ယနေ့၌ ဟာလာဟင်းလင်းဖြစ်လျက်ရှိ၏။
လာမည့်ညသည်တို့၏
အရိပ်အယောင်ကို မမြင်ရ။
တစ်ဖက်စွန်းတွင် နားစိုက်လျှင်
ရိပ်မြို့ရှိသည့် အရိပ်အယောင်ကို မတွေ့ရ။

'ငါ့အား မြေကြီးပေါ်တွင် ခြေဖြင့် နင်းခြေလော့'ဟု
ငါ၏ဇောင်းက ဆို၏။
လမ်းဘေးမှ ဖုန်မှုန့်တို့ကို ငါ ကြည့်မိ၏။
ဆူးခက်တို့ကြားတွင် ပွင့်နေသည့်
ပန်းပွင့်ငယ် တစ်ပွင့်ကို မြင်ရ၏။
ထိုအခါ၌ လောကကြီးတွင်
မျှော်လင့်ချက်မကုန် သေးဟု ငါဆို၏။

ကောင်းကင်သည်
မြေကြီးကို တီးတိုးစကားပြောရန်
မိုးကုပ်စက်ဝိုင်း၌
ခါးကို ကုန်းလျက် ရပ်နေ၏။
မျှော်လင့်ချက်ဖြင့်ပြည့်သော
တိတ်ဆိတ်မှုသည် လေထဲတွင် တွဲလဲခိုလျက်ရှိ၏။
ထန်းရွက်တို့သည်
မကြားနိုင်သော ဂီတသံတစ်ခုကို
လက်ခုပ်တီး၍ စည်းလိုက်ပေးလျက် ရှိ၏။
လမင်းသည်
ရေကန်၏တောက်ပသော တိတ်ဆိတ်မှုနှင့်
မျက်လုံးများ စကားပြောလျက် ရှိ၏။

'ဘာကိုမျှ မကြောက်လေနှင့်'ဟု
မြေကြီးက ဆို၏။
'သင်၏
တေးသံကိုပါ ငါ့အား ငှားပါဘိ'ဟု
ငါ့ဇောင်းက ဆို၏။

## နွေဦးခေါ်သံ

မြေကြီး၏
ယော့ရမ်း ကြော့ကြမ်းသော ချစ်သူ
အို နွေဦး လာပါတော့။
တောရိပ်စုံခြေ၏ နှလုံးသားအား
စကားပြောရန် ဖိုလှိုက်ပါစေတော့။

ပန်းတို့ တ ဝေဝေ ဖူးပွင့်ကာ
ရွက်သစ်တို့ကို ဆော့ကစားရော
မတည်ငြိမ်မှု လေပြင်းဖြင့် သင်နွေဦး လာပါတော့။

အလင်းရောင်၏
တောင်လှန်ပုန်ကန်ခြင်းမျိုးဖြင့်
ညအိပ်ဆောင့်ကြပ်မှု ထဲတွင်
ပေါက်ကွဲပါတော့။
ရေအိုင်၏ မှောင်မည်းသော
ရွှံ့အမှုန့်ထဲတွင် ပေါက်ကွဲပါတော့
မြေကြီးအောက်မှ
တွင်းပျေားထဲတွင် ပေါက်ကွဲပါတော့။
အချုပ်အနှောင်ခံနေရသည့် မျိုးစေ့တို့၏
လွတ်လပ်ရေးကို ကြေညာပေးပါတော့။

အို နွေဦး။
ပြုပ်နွှယ်၏ ရယ်မောသံ
မုန်တိုင်း၏ အောင်ဟစ်သံကဲ့သို့
ဆူညံလျက် ရှိသော
မြို့ထဲသို့ ဝင်ရောက်ပါလော့။
ပိတ်ဆို့ထားရသော စကားလုံးများနှင့်
ပျက်ကန်းပမာ
သိစိတ်မရှိဘဲ လှုပ်ရှားနေရခြင်းမှ
လွတ်မြောက်အောင် လုပ်ပေးပါတော့။

အို နွေဦး
ဆုတ်နစ်သော ငါတို့၏ ခွန်အားကို
အားသစ် ပေးပါတော့။
သေခြင်းတရားကို အောင်နိုင်ပါတော့။

# စောင့်သူ

တပေါင်းလ မုန်ညင်းတွေ
ပွင့်တဲ့အချိန် ရောက်ပြီဆိုရင်
ဒီရှုခင်းကို ငါမကြာခဏ ကြည့်မိတယ်။
ပျင်းရိပျင်းတွဲ ဖြစ်နေတဲ့ ရေစပ်ရယ်
ပြီးတော့ သဲသောင်ပြင်ကြီးရယ်
လယ်ကွင်းတွေကို အဖော်ပြုပြီး
ရွာထဲကို ဝင်သွားတဲ့ မြစ်ကမ်းလေးက
မညီညာတဲ့ လမ်းကလေးရယ်။

လေရဲ့ ပျင်းရိပျင်းတွဲ လေချွန်သံနဲ့
ဖြတ်သန်းသွားတဲ့ လှေတစ်စင်းရဲ့
တဂျိဂျိ
တိုက်ခတ်သံတို့ကို
ကာရန်နဲ့ဖမ်းဖို့ ကြိုးစားခဲ့တယ်။

ကြည့်စမ်းပါဦး
အင်မတန် ရိုးစင်းတဲ့ လောကကြီးဟာ
ကိုယ့်ရှေ့မှာရပ်လို့။
သူတို့ ရှိနေပုံကို ကိုယ် ကြောခဏ
စဉ်းစားကြည့်တယ်။
နှစ်လိုဖွယ် ကောင်းပြီး
တွေ့နေကျ စိတ်ချမ်းသာမှုများနဲ့
ကိုယ့်နှလုံးသားကို ဖြည့်ပေးနေတယ်။
ထာဝရ ဧည့်သည်ကြီးနှင့် တွေ့ဆုံနိုင်အောင်
ဖန်တီးပေးနေတယ်။

## ကူးတို့လှေ ကူးမြို့ပင်

ကူးတို့လှေကဗျာ ငှောင်းကလေး
တစ်ဖက်တစ်ချက်မှာ ရှိတဲ့
နွားနှစ်နွားကို ကူးကျည်သန်းချည်
သွားနေတယ်။

ရေပြင်က ကျယ်လဲ မကျယ်ဘူး၊
နက်လည်း မနက်ဘူး။
သီချင်းတစ်ပုဒ်ရဲ့ ဗေသားတွေ ကြားဖြတ်မှာ
မြူးကြွကြွ တေးသွားကလေး စီးထွက်လာသလို
ကိုယ်တို့နေ့စဉ် ဘဝက
အသေးအဖွဲကလေးတွေကြားမှာ
ကြားဖြတ်ပေးတဲ့ ပုဒ်ဖြတ်ကလေး တစ်ခုပေါ့။

စည်းစိမ်ချမ်းသာ ဆိုတဲ့ ဈော်စင်ကြီးတွေက
တရိပ်ရိပ်မြင့်တက်ပြီး ပြိုကျပျက်စီးသွားတုန်းမှာ
သည်နွားကလေး နှစ်နွားဟာ
စကားပြောတဲ့ ငှောင်းကလေးကို ဖြတ်ပြီး
တစ်ဦးနှင့်တစ်ဦး လှမ်း စကားပြောကြတယ်။
ကူးတို့လှေကလေးဟာ
တစ်ခေတ်ပြီး တစ်ခေတ်
ပျိုးစေ့ကြဲတဲ့ အချိန်ကစပြီး ကောက်ရိတ်ချိန်အထိ
ကူးချည်သန်းချည် လုပ်နေတုန်းပါပဲ။

## ကလေးရဲ့ ကမ္ဘာနဲ့ လူကြီးရဲ့ လောက

ကလေးရဲ့ ကမ္ဘာမှာ
သစ်ပင်တွေဟာ သူတို့ သစ်ရွက်တွေကို
လှုပ်ပြနေကြတယ်။
ဘာသာစကားရဲ့ အဓိပ္ပာယ်ကို
နားမလည်သေးတဲ့ငှက်တွန်သံက
ပြောနေကြတဲ့ ချစ်စကားတွေနဲ့
သူတို့ကမ္ဘာတွေ ရှက်ပြနေတယ်။
လမင်းကလဲ ကလေးနဲ့
အသက်တူတူလောက်
ငယ်ရွယ်ဟန် ဆောင်လို့။
ညရဲ့ တစ်ဦးတည်းသော ကလေးလေးပေါ့။

အသက်ကြီးသူတွေရဲ့ ကမ္ဘာမှာတော့
ပန်းပွင့်တွေဟာ ယုံတမ်းစကား ပြောကြတဲ့
နတ်သမီးပုံပြင်တွေကို နားထောင်ရင်း
ရှက်သွေးဖြာနေကြတယ်။
ကျိုးပဲ့နေတဲ့ ယမင်းရုပ်တွေကလည်း
သူတို့ဟာ နွဲ့နွဲ့လှုပ်လာတော့ပါလို့
ဝန်ခံချက် ပေးနေကြတယ်။

မြေကြီးသို့ လွမ်းချင်း

အို မဟာပထဝီ မြေကြီး
ကောင်းကင်အပြာ၏ လက်ယပ်ခေါ်ခြင်းကို
တုံ့ပြန်သောအားဖြင့်
သူတို့၏ အပျော်ပြအလံကို
လွင့်ထူထားကြသည့်
မြက်ရွက်ကလေးများ၏
ပျော်ရွှင်မှုကို ခွဲဝေခံစားရင်း
သင့်ကျေးကုန်းပေါ်တွင်
စီးဆင်းဖြတ်သန်းသွားရန်
ငါ ကြောခဏ တောင့်တခဲ့ဖူး၏။

ငါ အမိဝမ်းမှ
မမွေးတိမီ ကတည်းကပင်လျှင်
ငါသည် သင်ပိုင်ပစ္စည်း ဖြစ်သည်ဟု
ငါခံစားခဲ့ရ၏။

ထို့ကြောင့် ဝင်းမှည့်သည့်
စပါးနှံတို့ အပေါ်တွင်
နွေနှောင်း နေခြည်တို့
တလက်က် တောက်ပနေစဉ် ကာလများ၌
ငါ စိတ်နေဒေအနှံ့ တည်ငြိမ်ဖြစ်သော
အတိတ်ကာလ တစ်ခုသို့
ငါ အစဉ်အမြဲ သတိရနေသကဲ့သို့ ရှိပေ၏။
ထူထပ်စွာ ပိတ်ဖုံးထားသည့်
ဝေးလံသော အတိတ်မှ
ကဗျာဖော်များ အသံများကိုပင်
ကြားမိသည်ထင်၏။

ညနေ နွားအုပ်များ သွင်းချိန် ရောက်၍
ဘေးကျက်မှ ဖုန်အလိပ်လိပ် ထကာ
လ က ရေတဲများမှ မီးခိုးတန်းများ၏
အထက်တွင် ရွှန်းလဲ့နေသည့် အချိန်တွင်
ကမ္ဘာဦး ပထမနေ့ မနက်မှ ခွဲခွာလာခဲ့သကဲ့သို့
ငါသည် ဝမ်းနည်းလျက် ရှိပေ၏။

အနျစ်ရှုံး

မိုးတိမ်တွေက မှိုင်းလို့။
မနက်ခင်းရဲ့ အလင်းပျပျ ကလေးဟာ
မိုးမှောင်ညရဲ့ စုတ်ပြတ်နေတဲ့
အမြိတ်စွန်း တစ်ခုပဲပေါ့။

မိန်းကလေးတစ်ယောက် ပြတင်းပေါက်မှာ
ပြိုလဲသွားတဲ့ မုန်တိုင်းတစ်ခုရဲ့ တံခါးဝမှာ ရှိတဲ့
သက်တန့်ကွေး တစ်ခုလို
မလှုပ်မယှက်နဲ့ ငြိမ်လို့။

ကလေးမဟာ ကိုယ့်အိမ်နီးချင်းလေ။
နတ်တစ်ပါးရဲ့ ပုန်ကန်တဲ့ ရယ်သံတစ်ခုလို
မြေကြီးပေါ်သို့ ဆင်းလာခဲ့တယ်လေ။
အမေက သူ့ကို
ပြင်မရနိုင်တဲ့ ကောင်မလေးတဲ့။
အဖေကတော့ သူ့ကို ပြုံးကြည့်ပြီး
အရူးမလေးတဲ့။

မိန်းခလေးဟာ ကျောက်ဆောင်တွေကို
ကျော်ဖြတ်ပြီးထွက်ပြေးလာတဲ့
ဝရမ်းပြေး ရေတံခွန်အရိုင်းနဲ့ တူနေတယ်။
ယောက်ယက်ခတ်နေတဲ့ လေထဲမှာ
အကိုင်းချင်း ပွတ်နေတဲ့
ငါးပင် ထိပ်ပျားနဲ့ တူနေတယ်။

ကလေးမှာ ပြတင်းဝမှာ ရပ်ပြီး
ကောင်းကင်ကို ကြည့်နေတယ်။
မမက သူ့နား ရောက်လာပြီး
'မေမေ ခေါ်နေတယ်'လို့ ပြောတယ်။
ကလေးမလေးက ခေါင်းယမ်းပြတယ်။
မောင်လေးက ကစားစရာ
လှေကလေးကိုင်ပြီး
သူနဲ့ အတူ ကစားဖို့ ပူဆာနေတယ်။
ကလေးမက
မောင်လေး ဆွဲထားတဲ့ လက်ကို ရုန်းလိုက်တယ်။
မောင်လေးက ဇွတ်အတင်း ဆွဲခေါ်နေတော့
ကျောကို ထုလွှတ်လိုက်တယ်။

ကမ္ဘာဦးတုန်းက ပထမဆုံး ပေါ်လာတဲ့
အသံဟာ လေသံနဲ့ ရေသံ ဖြစ်တယ်။
မမွေးသေးတဲ့ ကလေးကို ခေါ်ခဲ့တဲ့
သဘာဝကြီးရဲ့ ရှေးဦးခေါ်သံဟာ
ဒီကလေးမရဲ့ နှလုံးသားထဲကို ဝင်ရောက်လာခဲ့ပြီလေ။
ခေါ်သံဟာ သူ့နှလုံးသားကို
ကိုယ်တို့ခေတ်ရဲ့ နယ်နိမိတ် အပြင်ဘက်ရောက်အောင်
သူ့ကို ခေါ်သွားတယ်။
ဒါကြောင့် မို့သာ
မိန်းကလေးဟာ ထာဝရ ကာလကြီးရဲ့
ပယောဂပူးခြင်းကို ခံရပြီး
ပြတင်းပေါက်မှာ မလှုပ်မယှက် ရပ်နေတာပေါ့။

ကလေးထိန်း ဂေဟာ

ဟာလာဟင်းလင်း ဖြစ်နေတဲ့
လှေတစ်စင်းရဲ့ ဦးပိုင်းမှာ
ပိန်းညင်းငှက် တစ်ကောင်က
မလှုပ်မယှက် နားလို့။
ချောင်းကလေးရဲ့ ရေတိမ်ပိုင်းမှာတော့
ဂဍ္ဍဲတစ်ကောင်ဟာ ရေစိမ်ပြီလ
စည်းစိမ်တွေ့ နေလေရဲ့။
အေးနေတဲ့ ရွှံ့မှာ အရသာတွေ့ဟန်
မျက်လုံးကို မှိတ်လို့။

ရွာထဲက ခွေးလေးတစ်ကောင်က
တဂုတ်ဂုတ်နဲ့ ဟောင်နေပေမယ့်
နွားမက ချောင်းဘေးမှာ
က္ကမြှေမပျက် အစာစားလို့။
သူ့နောက်မှာ ဖြုတ်ကလေးတွေကို
လိုက်ဖမ်းစားနေတဲ့ ဘီလုံးငှက် ကလေးတွေ
ခုန်ဆွ ခုန်ဆွနဲ့ လိုက်လာကြတယ်။

ကိုယ်က ဆွံ့အနေတဲ့
ကမ္ဘာလေးကကြီး ပေါင်းစည်းရာ
မန်ကျည်းပင်အုပ်အောက်မှာ
ထိုင်နေတယ်။
နွားမကေ တမြဲ့မြဲ့ မြက်စားလို့။
ဘေကလေးတွေက
တကျိုကျို မြည်လို့။
ကောင်းကင်က စွန်ရဲ့တစ်ကောင်က
ရှူးရှူးရှရှ အော်လို့။
ပုရစ်တစ်ကောင်က
တကျစ်ကျစ် မြည်လို့။
ငါးတစ်ကောင်က
ရေထဲမှာ ထပွက်လို့

ကိုယ်က လောကကြီးရဲ့
ကလေးထိန်း ဂေဟာကို
ချောင်းကြည့်လိုက်တယ်။
မိခင်မြေကြီးဟာ
သူ့ရင်အုံမှာ မြူးထူးနေတဲ့
သားသမီးတွေကိုကြည့်ပြီး
ကြည်နူးလို့ နေပါကလား။

## ကလေးရဲ့ လက်နက်

အိပ်ငိုက်နေတဲ့ ရွာကလေးမှာ
မွန်းတည့်ချိန်ဟာ
ကိုယ့်အားလပ်ရက်တွေ ကုန်ဆုံးရာ
နေသာတဲ့ သန်းခေါင်ယံနဲ့ တူနေတယ်။

ကိုယ့် လေးနှစ်သမီးလေးက
တစ်ခန်းဝင် တစ်ခွန်းထွက်
ကိုယ်သွားရာ နောက်ကို
တကောက်ကောက် လိုက်နေတယ်။
ကိုယ်ပြင်ဆင် ထုပ်ပိုးနေတာကို
တိတ်ဆိတ်စွာ ကြည့်နေတယ်။
ခဏကြာတော့ မောသွားလို့ ထင်ရဲ့။
တံခါးတိုင်ကို မှီထိုင်ရင်း
'ဖေဖေကြီး မသွားရဘူး'
'ဖေဖေကြီး မသွားရဘူး'လို့
သူ့ဘာသာ သူ ပြောနေတယ်။

ထမင်းစားချိန်လဲ ရောက်ပေါ့။
ဒီအချိန်ဆို နေ့တိုင်း သူ အိပ်ချိန်လေ။
ဒါပေမယ့် အမေကလဲ
သူ့ကို သိပ်ဖို့ မေ့နေတယ်။
သမီးလေးကလဲ စိတ်မကောင်းလို့
အိပ်ချင်တာကိုတောင်
မပြောရဲရှာဘူး။

နောက်ဆုံး ကိုယ်သူ့ကို ပွေ့ချီပြီး နှုတ်ဆက်ဖို့
လက်ကို ဆန့်ပြီး လှမ်းခေါ်တဲ့ အခါမှာတော့
သမီးလေးဟာ တုတ်တုတ်မှ မလှုပ်ဘဲ
ကိုယ့်ကို ဝမ်းနည်းသည်နှင့် ကြည့်ရင်း
'ဖေဖေကြီး မသွားရဘူး၊
မသွားရဘူး'လို့အော်နေတယ်။
တကယ်တော့ ကလေးသာ
ရှောင်လွှဲလို့ မရတဲ့ နိယာမ တရားကြီးကို
'ဖေဖေ မသွားရဘူး'ဆိုတဲ့
စကားလုံးလေးနဲ့
ခုခံတိုက်ခိုက် နေရတာပါလားလို့
တွေးရင်း မျက်ရည်ကျရသေးတယ်။

## ကိုယ့်အားလပ်ရက်

ကလေးရေ၊
အားလပ်ရက်ကို ယူပါတော့။
ကောင်းကင်ကြီးက ပြာလို့။
လယ်ကွင်းတွေက ရိုးပြတ်တွေနဲ့ ဝင်းလို့။
မန်ကျည်းပင်အိုကြီး အောက်မှာတော့
စပါးကျီတစ်လုံးရယ်
ပြိုပျက်နေတဲ့
ဝတ်ကျောင်းတစ်ဆောင်ရယ် ရှိတယ်လေ။

တကယ်ဆိုတော့ ကိုယ့်အားလပ်ရက်ဟာ
မင်းကို မှီပြီး ရရှာပါကွယ်။
မင်းပျက်လုံးတွေရဲ့ အကအခုန်ထဲမှာ ရှိတဲ့
အလင်းရောင်တွေ၊
မင်း အောင်ဟစ်မြူးထူးသံတွေမှာရှိတဲ့
ဂီတသံတွေထဲမှာ
ကိုယ့်အားလပ်ရက် ရှိပါတယ်။

မင်းအဖို့တော့ နွေနှောင်းဟာ
တကယ် လွတ်လပ်မှုကို ယူလာမှာပါ။
ကိုယ့်အဖို့တော့ အလုပ်လုပ်လို့
မဖြစ်နိုင်တာကို ယူလာမှာပါ။

အလို ကြည့်စမ်း၊
အိမ်ထဲကို ကလေး ပြေးဝင်လာပြီ။
ဟုတ်ပါတယ်။ ကိုယ့်အားလပ်ရက်တွေဟာ
ကိုယ့်ကိုယ် နှောင့်ယှက်ဖို့၊ မင်းကိုချစ်ဖို့
အဆုံးမရှိတဲ့ လွတ်လပ်မှုရယ်ပါ။

## သမီးလေး စန္ဒာ

ညနေကျတော့ ပြတင်းအောက်က
သူ့အဖော်တွေရဲ့ ခေါ်သံကို
သမီးလေး ကြားရတယ်။
သမီးလေးဟာ မီးအိမ်ကလေးကို ကိုင်ပြီး
လှေကား မှောင်မှောင် တစ်ချောက်မှာ
ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဆင်းသွားတယ်။

မီးအိမ်ကို သူ့မျက်နှာဖုံး
ပဝါကလေးနဲ့ အုပ်လို့။
ကိုယ်က ကြယ်လင်းတဲ့ တပေါင်းည
လသာဆောင်မှာ ထိုင်လို့။
ရုတ်တရက် အော်သံတစ်ခုကြားလိုက်လို့
ကိုယ် ထပြေးလာမိတယ်။

မှောင်မည်းနေတဲ့ ကြောင်လိမ်လှေကားပေါ်မှာ
သူ့မီးအိမ်ကလေး ငြိမ်းသွားတာကိုး။
'သမီးလေး၊ ဘာဖြစ်လို့ ငိုတာလဲ'လို့
ကိုယ်မေးတယ်။
'ဖေဖေရေ၊ သမီးကိုယ်သမီး
ရှာမတွေ့တော့ဘူး'တဲ့။
လှေကားပေါ်က သမီးလေးက
စိုးရိမ်တကြီးနဲ့ ဖြေတယ်။

အဝေး ကြယ်လင်းတဲ့ တပေါင်းညက
လသာဆောင်ကို
ကိုယ်ပြန်လာပြီး
ကောင်းကင်ကြီးကို မော့ကြည့်လိုက်တယ်။
ကောင်းကင်ပေါ်မှာ ကလေးတစ်ယောက်ဟာ
သူ့မီးအိမ်ကလေးတွေကို
မျက်နှာဖုံးပဝါကလေး ကြားမှာ
ဝှက်ထားထားနဲ့ တူနေတယ်။

တကယ်လို့သာ ကောင်းကင်က
အလင်းရောင်တွေများ ငြိမ်းသွားရင်
အဲဒီကလေးဟာလဲ မျက်ချင်းရပ်သွားပြီး
'ဖေဖေရေ၊ သမီးကိုယ်ကို သမီး
ရှာမတွေ့ဘူး'လို့ ပြောတဲ့ငိုသံကလေးဟာ
ကောင်းကင်အနှံ့မှာ ပြန့်နေမှာပဲနော်။

မိခင်

လမ်းမီးတွေကြားထဲမှာ ညနေခင်းဟာ
စိတ်ရှုပ်ရှုဖ်နဲ့ ရပ်နေတယ်။
သူ့ကိုယ်ပေါ်က ရွှေရောင်တွေမှာ
မြို့တော်က ဖုန်မှုန့်တွေ စွန်းပေလို့။

တောက်တောက်ပပ ဝတ်စားပြီး
ခြယ်သထားတဲ့
မိန်းမတစ်ယောက်
လသာဆောင် ဝရန်တာကို မှီပြီး ရပ်လို့။
သူ ပိုးဖလံကောင်တွေကို ပြော်နေတဲ့
အသက်ရှင်နေတဲ့ မီးပြုံတစ်ခုရယ်လေ။

ဒီတုန်း လမ်းမပေါ်မှာ ရထားကြိတ်မိတဲ့
ကလေးတစ်ယောက် အနားမှာ
ဝဲဂယက်တစ်ခု ထလာတယ်
လသာဆောင်က မိန်းမဟာ
အလန့်တကြား အော်ပြီး
ကြမ်းပေါ်ကို လဲကျသွားတယ်။

ကမ္ဘာလောကကြီးရဲ့ အတွင်းဖက်
ဝတ်ကျောင်းဆောင်မှာ ထိုင်နေတဲ့
ဝတ်ရုံဖြူဝတ်တဲ့ ဒေတာမိခင်ရဲ့
ပူဆွေးသောကရဲ့ ဖိစီးမှုကြောင့်
လသာဆောင်က မိန်းမဟာ
အလန့်တကြား အော်ပြီး
ကြမ်းပေါ်ကို လဲကျသွားရှာတယ်။

အလှ

ကျုပ်တီးမြေမှာ တွေ့ခဲ့ရတဲ့ ရှုခင်းတစ်ခုကို
ငါအမှတ်ရသေးတယ်။
ချစ်ပစီတွေ စခန်းတစ်ခုရှေ့ မြက်ခင်းပေါ်မှာ
မိန်းကလေးတစ်ယောက် ထိုင်လို့
ညနေခင်း အရိပ်ထဲမှာ
သူ့ခေါင်းက ဆံပင်ကို
ကျစ်ဆံမြီး ကျစ်နေတယ်။

ကျစ်ဆံမြီး ကျစ်နေတဲ့
သူ့သခင်မ အလုပ်ဟာ
အရေးကြီးဘူး လို့ယူဆလို့ထင်ပါရဲ့
သူ့ခွေးကလေးက သူ့သခင်မဘေးမှာ ခုန်ပြီး
ကျစ်ဆံမြီး ကျစ်နေတဲ့ သခင်မရဲ့
လက်တွေကို ဟောင်လို့။

သူ့ကို အနှောင့်အယှက် ပေးရပါမို့လားဆိုပြီး
သခင်မက ပေါက်ပေမယ့် အပြည်းနှီးပါပဲ။

သခင်မဟာ သူ့လက်ညှိုးကလေးနဲ့
ခွေးရဲ့ထိပ်ကို တောက်လိုက်တယ်။
ဒီလိုလုပ်လိုက်တာမှ
ခွေးကလေးဟာ ပိုပြီး မြူးလာတယ်။

ဒီတော့ သခင်မက သူ့ခွေးလေးကို
ပျော်နှာထားနဲ့ စိုက်ကြည့်လိုက်တယ်။
ပြီးတော့ ဆံပင်တွေကို လွှတ်ချလိုက်ပြီး
ရယ်ရယ်မောမောနဲ့
ခွေးကလေးကို ကောက်ယူပြီး ရင်ခွင်မှာ အပ်ထားလိုက်တယ်။

အောက်မေ့ခြင်း

မောမောပန်းပန်းနဲ့
ဈေးက အိမ်ကို ပြန်လာတဲ့
အစုတ်စုတ်အပြတ်ပြတ်
ဈေးသည် နွားသားကို
ဟိုလွန်လေပြီတဲ့
အတိတ်ခေတ် တစ်ခုကို ပြန်ပေါ်သွားခဲ့ရင်
လူတွေဟာ သူတို့အလုပ်တွေကို ဘေးချပြီး
ဝမ်းသာအားရ အော်ဟစ် ပြေးလာကြမှာပဲ။

ဘာဖြစ်လို့လဲ ဆိုတော့ သူ့ကို
သာမန် နွားသား တစ်ယောက်အနေနဲ့ မဟုတ်ဘဲ
ဒီခေတ်ရဲ့ စိတ်ဓာတ်၊ ဒီခေတ်ရဲ့ ချို့ယွင်းချက်
တစ်ရပ်အနေနဲ့ မြင်ကြမှာမို့လိုပဲ။

သူရဲ့ ဆင်းရဲနွမ်းပါးမှုနဲ့ ခံစားချက်တွေဟာ
ပြင်းထန် ကြီးမားသည့်တိုင်
ပစ္စုပ္ပန်ခေတ်ကြီးရဲ့ သိမ်ပျင်းတဲ့ ဇော်ကားမှုက
လွတ်မြောက်လာခဲ့တဲ့အတွက်
သူ့ခြင်းတောင်းထဲမှာ ပါလာတဲ့ အဖိုးမတန်တဲ့
ဘိုလီမိုလီ ပစ္စည်းကလေး တွေဟာလဲ
သနားစရာ ဂုဏ်သိက္ခာကို ဆောင်နေကြမှာပဲ။

## အလွမ်းပြေ

မနက်လင်းတာနဲ့ သူဟာ
ကုက္ကိုပင်တွေ တန်းစီပေါက်နေတဲ့
လမ်းတစ်လျှောက်မှာ လေယာက်လာတတ်တယ်။
လမ်းကလေးက မူနွဲ့တတ်တဲ့ ချစ်သူတစ်ဦးလို
တောင်ကုန်းကလေးကို ရစ်ပတ်လို့။

သူ့လက်ထဲမှာ နွာမှာ ကျန်ခဲ့တဲ့
သူ့ဇနီး အသစ်စက်စက် ကလေးဆီက
လာတဲ့ စာကို ကိုင်လို့
စာထဲမှာ နွာကို အမြန် ပြန်လာလို့ ရေးထားတယ်။

လမ်းလျှောက်လာရင်း
မမြင်ရတဲ့ လက်ဒေကလေးတွေက
သူ့ကို တစ္ဆေခြောက်သလို
ခြောက်လှန့်နေကြတို့ရဲ့။
အချစ်ရယ်၊ ပြန်လာပါတော့
ကျွန်မကောင်းကင်ဟာ မျက်ရည်တွေနဲ့
ပြည့်လွှမ်းနေပါပေါ့ ဆိုတဲ့
သူ့ချစ်သူရဲ့ တမ်းတသံတွေဟာ
လေထဲမှာ ပျံဝဲနေတယ်လို့ ထင်ရတယ်။

ကိုယ်ဟာ ဒီလို အဖြစ်မျိုးနဲ့
ထိုက်တန်သေးရဲ့လားလို့
သူတစ်ယောက်တည်း တွေးလာတယ်။

အဲဒီတုန်းမှာ နေမင်းကြီးဟာ
တောင်တန်းပြာပြာကြီး တွေပေါ်က
ထွက်လာတယ်။
တပြည်သူ မိန်းမငယ်လေးတစ်ယောက်က
ကျယ်ကျယ်လောင်လောင် စကားပြောရင်း
ခြေလှမ်းကျကျနဲ့ လျှောက်လာတယ်။
ခွေးတစ်ကောင်က
နောက်က လိုက်ဟောင် နေတယ်။

အကြီးနှစ်ယောက်က
သူ့ကို ရယ်စရာမှတ်လို့ ထင်ရဲ့
တစ်ဖက်ကို မျက်နှာလွှဲပြီး
ရယ်နေကြတယ်။
အငယ်မ နှစ်ယောက်ကတော့
တစ်ယောက်ကိုတစ်ယောက်
ရယ်မော တွန်းထိုးပြီး
မြူးထူးထွက်ပြေးကြတယ်။

သူဟာ ခေါင်းငိုက်စိုက်ချပြီး ရပ်နေတယ်။
ပြီးတော့ အိတ်ထဲက စာကို စမ်းပြီး
ဖွင့်ဖတ် နေလေရဲ့။

## ယုံကြည်ခြင်း

ဘုရားကျောင်းထဲက ရုပ်ပွားတော်ကို
လှည်းပေါ်တင်ပြီး
မြို့ထဲမှာ ဒေသစာရီ ကြွတဲ့
ပွဲတော်နေ့ ရောက်လာပြီလေ။

'အရှင်မင်းကြီး၊ ကျွန်တော်မတို့လည်း
ပွဲတော်သို့ သွားသင့်ပါတယ်'လို့
မိဖုရားက ဘုရင်ကို
လျှောက်တင်သတဲ့။

အဲဒီမြို့မှာ ဘုရားပူဇော်ပွဲကို
မလာတဲ့သူ ဆိုလို့
တစ်ယောက်ပဲကျန်သတဲ့။
သူ့အလုပ်ကတော့ ဘုရင်ရဲ့ နန်းတော်ကို
လှည်းကျင်းသုတ်သင်ဖို့
တံမြက်စည်း လုပ်ရသတဲ့။

ဘုရင်ရဲ့ အိမ်တော်ဝန်က
သူ့ကို သနားသောအားဖြင့်
'နင်လဲ တို့နဲ့အတူ
ဘုရားပူဇော်ပွဲကို လိုက်ခဲ့'လို့ ခေါ်သတဲ့။

ဒီတော့ တံမြက်စည်း လုပ်တဲ့ ကျေးကျွန်က
ဦးညွှတ်ပြီး
'လိုက်လို့ မဖြစ်ပါဘုရား'လို့ လျှောက်သတဲ့။

တံမြက်လှည်းသမားဟာ
ဘုရင်နဲ့ အခြွေအရံတွေ
လာမယ့်လမ်းမှာ ထိုင်နေတယ်။
ဝန်ကြီးစီးတဲ့ ဆင် အနားရောက်လာတော့
ဝန်ကြီးက 'ဟဲ့ တို့နဲ့လိုက်ပြီး
ဒေသဇာရီပွဲတော်ကို
ဖူးလှည့်'လို့ ခေါ်သတဲ့။

'မှန်လှပါ၊ ဒေဇာရီပွဲတော်ကို
ရှင်ဘုရင်များ ကဲ့သို့
သွားနိုင်ခြင်း မရှိပါ ဘုရား'လို့
လျှောက်သတဲ့။

'သည်လို ပွဲတော်မျိုးကို ဖူးရောက်ခြင်း၊
တစ်သက်တစ်ခါသာ
ကြုံရမည့်ပွဲမျိုး'လို့
ဝန်ကြီးက ပြောသတဲ့။

‘မှန်လှပါ၊ ဘုရား ရုပ်ပွားတော်
ကျွန်တော်မျိုး အိမ်ရှေ့ကိုရောက်မှ
ဖူးမြော်ခွင့် ပြုပါတော့မည်ဘုရား”လို့
လျှောက်သတဲ့။

ဒီတော့ ဝန်ကြီးရယ်ပြီး
‘ဟယ် လူမိုက်၊ ဘုရင်ကား
ဘုရားကို အဖူးမြော် သွားရ၏။
သင်ကား သင့်အိမ်ရှေ့ကို
ဘုရားကြွလာမှ ဖူးမည်ဟု ဆို၏။
မိုက်မဲစွတကား’လို့ ပြောသတဲ့။
‘မှန်လှပါ၊ ဆင်းရဲနွမ်းပါးသူတို့၏ အိမ်သို့
ဘုရားသခင်မှတစ်ပါး
အခြား မည်သူတစ်ဦး တစ်ယောက်မျှ
မလာကြပါဘုရား”လို့
လူဆင်းရဲ ပြောသတဲ့။

## ခွဲခွာသွားတဲ့အချစ်

ဆောင်းရက်တွေ ကုန်ခါနီးတော့
နေ့တာကလဲ ရှည်စ ပြုလာတယ်။
ကိုယ့်ခွေးကလေးကတော့
နေရောင်ထဲမှာ အလှမွေးထားတဲ့
သမင်ကလေးနဲ့ ကစားနေလေရဲ့။

ဈေးသွားဈေးလာတွေဟာ
ခြံစည်းရိုးနား ကပ်လာကြပြီ
ဘာသာစကားတစ်မျိုးစီနဲ့ ပြောရင်း
ဆော့နေကြတဲ့ ကစားဖော်နှစ်ဦးရဲ့
အချစ်ကို ငေးကြည့်နေကြတယ်။

လေထဲမှာ နွေဦးရဲ့ ရနံ့က
သင်းစပြုလာပြီ၊ ပုရစ်ဖူးကလေးတွေက
မီးတောက်ကလေးတွေလို
တပျတ်ပျတ် တောက်နေကြလေရဲ့။

လည်တံကလေး စင်းပြီး
သူ့အရိပ်ကို သူ ငုံ့ကြည့်တဲ့အခါ
လေထဲက တစ်စုံတစ်ခုသော
တီးတိုးသံကို နားကို စွင့်ထားတဲ့အခါ
သမင်မလေးရဲ့ မျက်လုံးနက်နက်က
အလင်းရောင်ဟာ ကခုန်နေတယ်။

သစ်ရွက်ကလေးတွေ
တဖျတ်ဖျတ် လှုပ်သံ
တန်ရူးလ ကောင်းကင်မှာ
အလင်းရောင် ပြိုးပြက်ဟန်နဲ့အတူ
သတင်းစကားဟာ တမန်တော်
လေညင်းထဲမှာ ပျော်ဝင်လာတယ်။
ဒီအရာတွေ အားလုံးဟာ
လောကကြီးမှာ လူငယ်ဘဝရဲ့
ပထမဆုံး ဝေဒနာကို သီဆိုပြနေတယ်။

အဲဒီအချိန်မှာ ပထမဆုံး ပန်းပွင့်ဟာ
အဖူးအငုံက ပြုတ်ထွက်လာပြီ
အချစ်ဟာလည်း သူသိတဲ့ အရာတွေအားလုံးကို ထားခဲ့ပြီ
မရှိတဲ့ အရာကို လိုက်ရှာဖို့
ခရီးထွက်လာခဲ့တယ်။

တစ်ညနေအလင်းရောင်ရဲ့
သွေးတိုးစမ်းတဲ့ ယုယမှုကြောင့်
အရိပ်တွေဟာ ကုက္ကိုပင်တွေ ကြားထဲမှာ
တည်ငြိမ်ပြီး ချိုမြတဲ့ သဏ္ဌာန်ကို
ဆောင်လာတဲ့ အခါကျတော့
သမင်ကလေးဟာ သေမင်းကို ချစ်တဲ့စိတ်နဲ့
ကြယ်တံခွန် တစ်ခုလို တစ်ဟုန်ထိုး
ထွက်ပြေးသွားခဲ့တယ်။

မှောင်စပြုပြီး
အိမ်တွေမှာ မီးအိမ်တွေ ထွန်းကုန်ကြပေါ့။
ကြယ်တွေထွက်လာပြီး
ညတာလဲ
ကွင်းပြင်တွေပေါ်ကို ရောက်လာပေါ့။
ဒါပေမယ့် သမင်ကလေးကတော့
ပြန်မလာတော့ပါဘူး။

ကိုယ့်ခွေးကလေးက အင်အင် ညည်းပြီး
ကိုယ့်အနား ရောက်လာတယ်။
သူ့ရဲ့မျက်လုံးတွေက
'ကျွန်တော်နားမလည်ဘူး' လို့ပြောနေတဲ့ပုံ။
ဒါပေမယ့် သူတွင် မကဘူး၊
ဒါကို ကိုယ်လဲ နားမလည်ပါဘူးကွယ်။

## လမ်းကလေးရဲ့ အတွေး

ကိုယ်တို့ရဲ့ လမ်းဟာ ကောက်ကွေ့လှချည့်။
ဟို ပဝေသဏီကတည်းက
သူ့ပန်းတိုင်ကို လိုက်ရှာရင်း
ဝဲယိမ်းလိုက်၊ ညာယိမ်းလိုက်နဲ့
ပန်းတိုင်ကို မရောက်နိုင်လို့
စိတ်ရှုပ်နေပုံပါပဲ။

အထက်သူ့ဘေးက
အဆောက်အအုံတွေကြားမှာတော့
ဟင်းလင်းပြင်က ဆွဲထုတ်ထားတဲ့
ဖဲကြိုးကလေးတစ်စလို
ကောင်းကင်တစ်ပိုင်းတစ်စကို မြင်ရတယ်။
ဒီကောင်းကင် တစ်စတစ်ပိုင်းကို
မြူပြာပြာက သူ့ရဲ့ ညီမလို့ ခေါ်တယ်။
လမ်းကလေးဟာ နေမင်းကို
မွန်းတည့်ချိန် တစ်ခဏလေးလောက်သာ
မြင်လိုက်ရတယ်။
ဒါဟာ နေမင်းမှ ဟုတ်ရဲ့လားလို့
သူ့ဘာသာသူ သံသယနှင့်
ပြန်မေးမိတယ်။

နယုန်လရောက်လို့
မိုးသေးကလေးတွေ ကျလာတဲ့အခါကျတော့
မိုးစက်မိုးပေါက်တွေဟာ
ခဲသားနဲ့လိုက်ခြစ်ထားသလို
သူ့အလင်းရောင်ကို ဖုံးထားကြပြန်တယ်။

လမ်းကလေးကလဲ
ရွံ့တွေနဲ့ ပျော်ကျိုကျို ဖြစ်လို့။
ထီးတွေကလဲ တစ်စင်းနှင့်တစ်စင်း တိုက်မိလို့။
သည်တုန်းမှာ မိုးတွေက
သူ့လမ်းစင်္ကြံကလေးပေါ်ကို
သဲသဲမဲမဲရွာချ လိုက်ပြန်တယ်၊
လမ်းကလေးဟာ
ရိုင်းစိုင်းတဲ့ သဘာဝတရားနဲ့
အလျောင်အပြောင်ကို ခံရလို့
စိတ်ပျက်နေရှာလေရဲ့။

သည်တုန်းမှာ နွေလေညင်းကလေးဟာ
အရက်မူးတဲ့ လူတစ်ယောက်လို
ဟိုယိမ်းသည်ယိုင်နဲ့
ထောင့်ကလေးတွေ အကွေ့ကလေးတွေက
ပေါ်လာပြန်တယ်။

သည်အခါမှာ
ဖုန်တွေ ထနေတဲ့ လေထဲမှာ
စက္ကူစကလေးတွေ၊ အမှိုက်စကလေးတွေ
လွင့်ပါလာပြန်ပါရော့။

'အို မိုက်လှချည့်လား၊
ဘုရားသခင်တွေလဲ ရူးသွပ်ကုန်
ကြပြီထင်တယ်'လို့
ဒေါသထွက်ထွက်နဲ့
လမ်းကလေးက အော်မိတယ်။

ဒါပေမယ့် လမ်းဘေးအိမ်တွေက
နေ့စဉ် စွန့်ပစ်နေကြတဲ့
ငါး အကြေးခွံတို့၊ ပြာမှုန့်တို့၊
အာလူးခွံတို့၊ သစ်သီးပုပ်တို့၊
ကြွက်သေကောင်ပုပ်လို့ စတဲ့
အညစ်အကြေးတွေကတော့
'ဒါတွေ ဘာလို့ဖြစ်နေ ကြတာလဲဗျ'လို့
သူ့ကို မမေးကြပါဘူး။

လမ်းကလေးဟာ သူ့ကို
ကျောက်တုံးတွေနဲ့ လာခင်းရင်လဲ
လက်ခံလိုက်တာပဲ၊ ဒါပေမယ့်
ကျောက်တုံးတွေ ကြားကနေပြီး
မြက်ပင်ကလေးတွေ ပြူထွက်လာကြတယ်။
ဒီတော့ လမ်းကလေးမှာ စိတ်ညစ်ရပြန်ရော။
ကျောက်တုံးတွေဟာ
ဒီလောက်တောင် ဖော့ကျော့လျက်သားနဲ့
ဒီအပင်ကလေးတွေကို ဘာဖြစ်လို့များ
ပေါက်ခွင့်ပေးရတာပါလိမ့်လို့
စဉ်းစားမိပြန်တယ်။
နွေနှောင်းနေခြည်အပြက်
လမ်းဘေးက အိမ်တွေကို
သူတို့ရဲ့အိပ်မက်ဆိုးတွေကနေပြီး
အလှထဲပြန်ရောက်အောင်
လှုပ်နှိုးလိုက်တဲ့ တစ်မနက်မှာ
လမ်းကလေး တွေးမိပြန်တယ်။
'ဒီအဆောက်အအုံတွေရဲ့ ဟိုဘက်မှာ
အဆုံးမရှိ အံ့သြစရာ
ကောင်းတဲ့ အရာတွေ ရှိဦးမှာပဲ'လို့။

ဒီလိုနဲ့ နာရီတွေ ကုန်သွားတယ်။
လူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကြတယ်။
အိမ်ဧေ မိန်းမတွေက
ဈေးက ပြန်လာကြပြီး
ဘယ်လက်က ဈေးခြင်းတောင်းကို ဆွဲလို့၊
ညာလက်က ယမ်းလို့
လေဟာလဲ ဟင်းနံ့'
ကြော်လှော် ချက်ပြုတ်တဲ့ အနံ့တွေနဲ့
သိပ်သည်းစ ပြုလာတယ်။
သည်တော့မှ ကိုယ်တို့လမ်းကလေးဟာ
အမြင်မှန် ရသွားတော့တယ်။
တကယ်တော့ သူ့အဖို့
အစစ်အမှန်ဖြစ်တာ၊ ပုံမှန်ဖြစ်လာတာဟာ
သူရယ်၊ သူ့ဘေးက အိမ်တွေရယ်၊
ပြီးတော့ လမ်းဘေးမှာ စွန့်ပစ်ထားတဲ့
အမှိုက်သရိုက် အညစ်အကြေးတွေရယ်။

## အိမ်တစ်အိမ်ရဲ့ အတ္ထုပ္ပတ္တိ

သူ့ရဲ့စည်းစိမ် ဥစ္စာတွေ ပျက်ပြုန်းလို့
တရိရိ နွမ်းသွားတဲ့ အိမ်ဟာ
အဖတစ်ဦးကို ဝတ်ထားတဲ့ အရူးတစ်ယောက်လို
လမ်းဘေးမှာ ရပ်နေတယ်။
နေ့ရက်တွေ၌ သူတို့ရဲ့
ရန်ငြိုးကြီးတဲ့ ထင်စေခဲ့တယ်။
အဝေးရှုတ်တွေ ထင်စေခဲ့တယ်။
မိုးရွာတဲ့ရက်တွေက
သူတို့ရဲ့ ဆန်းကြယ်တဲ့
လက်မှတ်တွေကို အုတ်နံရံပေါ်မှာ
ရေးထိုးပစ်ခဲ့ကြတယ်။

လူသူမရှိတဲ့ အပေါ်ထပ်
အခန်းတစ်ခန်းမှာတော့
တံခါးရွက်ဟာ သံချေးတက်နေတဲ့
ပတ္တာက ပြုတ်ကျလို့။
မုဆိုးမ ဖြစ်ကျန်ခဲ့တဲ့
ကျန်တံခါးတစ်ရွက်ကတော့
လေပြင်းတိုက်တိုင်း နေ့ရောညပါ
တဝုန်းဝုန်းမြည်လို့။

တစ်ညကျတော့ အဲဒီအိမ်ပေါ်က
မိန်းမတွေရဲ့ ငိုသံကို ကြားရတယ်။
အဲဒီအိမ်ထောင်စုက အသက်ဆယ့်ရှစ်နှစ်ရှိတဲ့
သားတွေးဆုံးလို့တဲ့။
အဲဒီ သူငယ်လေးက
ဇာတ်ထဲမှာ မင်းသားလုပ်သတဲ့။

ဒီအိမ်ဟာ ရက်ပေါင်း အတန်ကြာ
တိတ်ဆိတ်နေတယ်။
တံကါးတွေကလဲ သော့ခတ်လို့
အိမ်ပေါ်ထပ် မြေက်ဖက်ပိုင်းက
အထီးကျန်ဖြစ်ကျန်တဲ့
တံခါးတစ်ချပ်သာလျှင် ပြတ်လဲမကျဘူးတဲ့၊
ပိတ်လဲမထားဘူးတဲ့
ကိုယ့်ကို နှိပ်စက်တဲ့ ဝိညာဉ်တစ်ခုလို
လေတိုက်တိုင်း တလှုပ်လှုပ် ယမ်းနေသတဲ့။

ကာလ အတန်ကြာတဲ့ အခါကျတော့
အိမ်ထဲမှာ ကလေးတွေနဲ့
ကစားမြူးထူးသံတွေ
ပွဲတင်ထပ်နေသံကို ကြားရပြန်တယ်။
လသာဆောင် ဝရန်တာမှာ
မိန်းကလေး အဝတ်အစားတွေ
နေပူလှန်းထားတာကို မြင်ရတယ်။
လှောင်ချိုင့်ထဲက ငှက်ကလေးတစ်ကောင်ကလဲ
တိုးတိုးစီစီမြည်လို့တဲ့၊
လသာဆောင်မှာ
သူငယ်ကလေးတစ်ယောက်က
စွန်လွှတ် ကစားလို့။

အဲဒီ အိမ်ကြီးကို
နောက်ထပ် အိမ်ငှား တစ်ယောက်
ရောက်လာတယ်လေ။
ဝင်ငွေက နည်းပြီး ကလေးများသတဲ့၊
မောပန်းနေတဲ့အမေက
ကလေးတွေကို ရိုက်တယ်။
ကလေးတွေက ကြမ်းပြင်ပေါ်မှာ
လိမ့်ငိုကြတယ်။

အသက်လေးဆယ်လောက် ရှိတဲ့
အိမ်စေမိန်းမကြီးက နေ့စဉ်ဈေးသွားတယ်၊
အိမ်ရှင်မနဲ့ ရန်ဖြစ်တယ်၊
အလုပ်က ထွက်မယ်လို့
ခြိမ်းခြောက်တယ်။
ဒါပေမယ့် ဘယ်တော့မှလဲ
မထွက်ဖြစ်ဘူးတဲ့

နေ့တိုင်း အိမ်ကို နည်းနည်း နည်းနည်း ပြင်သတဲ့။
မှန်ကွဲနေတဲ့ ပြတင်းမှန်တွေအစား
စက္ကူတွေ ကပ်တယ်။
ဝရန်တာမှာ သစ်သားဘောင်းတွေ ပြုတ်နေတဲ့ နေရာကို
ငါးခြမ်းတွေနဲ့ ကာတယ်။
မင်းတုပ်မရှိတဲ့ တံခါးကြီးကို
သော့ကြီးတစ်လုံးနဲ့ ပိတ်တယ်။
နံရံကို ဆေးထပ်သုတ်ပေမယ့်
အစွန်းအကွက်ကြီးတွေကို
ခပ်ရေးရေး မြင်ရသေးတယ်။

စည်းစိမ်ဥစ္စာရဲ့ ခမ်းနားကြီးကျယ်မှုဟာ
ဆင်းရဲတဲ့ ဟာလာဟင်းလင်းဖြစ်မှုထဲမှာ
သူနဲ့ထိုက်တန်တဲ့ အထိမ်းအမှတ်ကို
သွားတွေ့တယ်။

ဒါပေမယ့် အိမ်ရှင်တွေဟာ မတတ်နိုင်ရှာကြတော့
ရှိသချာကလေးနဲ့ပဲ အိမ်ကိုပြင်ရတယ်။
အိမ်ကြီးရဲ့ သိက္ခာက
သူ့ကို ဒီလို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်
လုပ်ရပါလို့လား ဆိုပြီး
စိတ်ဆိုးသတဲ့။

အပေါ်ထပ် မြောက်ဖက်ခြမ်းမှာရှိတဲ့
အခန်းကိုတော့ သည်အတိုင်းပဲ
ထားပစ်ခဲ့ကြသတဲ့။
အဲဒီအခန်းက
အထီးကျန်တံခါး တစ်ရွက်ကတော့
သူ့ရင်ကို သူ ထုပြီး ငိုတဲ့ စိတ်ပျက်ခြင်းလို
လေထဲမှာ တဂုန်းဂုန်းမြည်ပြီး
လှုပ်ယမ်းနေတုန်းပဲတဲ့။

သူတော်စင်နှင့် မိန်းကလေး

တောအုပ်လယ်၌
မျက်လုံးတို့ကိုမှိတ်ကာ
ရူတင်တည်ဆောက် ခြင်းပြု၏။
နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အားထုတ်ခြင်းဖြစ်၏။

သို့ရာတွင် ထင်းခွေ မိန်းကလေးသည်
သူ့လုံချည်ထဲတွင် သစ်သီးတို့ကို ထည့်လာပြီ၊ ကပ်၏။
ဖက်ရွက်တို့ဖြင့် ကန်တော့ထိုး၍ ရေကို ကပ်၏။

သို့ဖြင့် ရက်တွေညောင်း၍ လာခဲ့သည်။
အညောင်းသီ ပုဂ္ဂိုလ်သည်
သစ်သီးတို့ကိုလည်း မတို့၊ ရေကိုလည်းမသောက်။
ဤသည်ကိုကြည့်၍ ထင်းကွေ မိန်းကလေးသည်
စိတ်မကောင်းခြင်း ဖြစ်ရ၏။

လူတစ်ယောက်သည် ဘုရားဖြစ်ရန်
အားထုတ်လျက် ရှိကြောင်းကို
သိကြားမင်း ကြားသိ၏။

သင်္ကြားမင်းသည် ကြောခဏောပင်
မိမိ၏ရန်သူဖြစ်သော
အသူရေတန်စစ်သည်တို့နှင့်
တိုက်ခိုက်ရာတွင် အောင်မြင်ခဲ့၏။
သို့ရာတွင် ဒုက္ခသင့်ကျင်
တန်ခိုးစွမ်းပကားအဖြစ်ရှိသော
လူကို ကြောက်ခြင်းဖြစ်၏။

သို့ရာတွင် သင်္ကြားသည်
လူတို့၏ အကြောင်းကို
ကောင်းကောင်းသိ၏။
ထို့ကြောင့် မြေကြီး၏ သားသမီးဖြစ်သော
ထိုပုဂ္ဂိုလ်အား တရားအားထုတ်ခြင်း မပြုနိုင်ရန်
ဖြားယောင်းသွေးဆောင်အံ့ဟု အကြံရ၏။

သင်္ကြားမင်းက ဖန်ဆင်းလိုက်သည့်အခါတွင်
ထင်းခွေမိန်းကလေးသည်
အဆင်းပြင်လှစွာ ကောင်းသည့် မိန်းမတစ်ယောက် ဖြစ်လာ၏။
ထိုမိန်းကလေး၏ အတွေးများသည်
တုတ်နှင့် အမွေခံရသည့် များအုံတစ်အုံမှ
များများကဲ့သို့ ယောက်ယက်ခတ်၏။

အညောင်ါသီပုဂ္ဂိုလ်သည် တောအုပ်မှ ခွာကာ
ဂူအောင်းရန် အမျိုန်သို့ ရောက်လာ၏။

ခရီးထွက်ရန် မျက်လုံးကို ဖွင့်လိုက်သည့်အခါတွင်
မေ့လုမေ့ခင် တေးတစ်ပုဒ်ကို သံစဉ်သွင်းထားသည့်နှယ်
မိန်းကလေးကို မြင်ယောင်၏။

အညောင်ပါသီသည် ထိုင်ရာမှ ထ၏။
မိမိသည် တောအုပ်မှ သွားတော့မည်ဖြစ်ကြောင်းဖြင့်
မိန်းမငယ်ကို ပြော၏။

'အရှင့်အား လုပ်ကျွေးပြုစုရန်
အခွင့်အရေးကို မပေးတော့ပြီလော'ဟု
မိန်းကလေးက မေး၏။
မိန်းကလေး မျက်လုံးတွင်
မျက်ရည်တို့ဝဲလျက်ရှိကုန်၏။

အညောင်ပါသီသည် ထရာမှ ထိုင်၏။
အတန်ကြာ စဉ်းစား၏။
ထိုနောက် တောအုပ်တွင် ဆက်၍
တရား အားထုတ်ခြင်း အမှုကိုပြု၏။

သို့ဖြင့် မိန်းကလေးသည်
နောင်တသံဝေဂကြောင့်
အိပ်မပျော်နိုင်အောင် ဖြစ်လျက်ရှိ၏။

မိန်းမငယ်သည်
မိမိ၏ တန်ခိုးစွမ်းပကားကို ကြောက်လန့်ကာ
မိမိ၏အောင်မြင်မှုကို စက်ဆုပ်လျက်ရှိ၏။
သို့ရာတွင် သူ့စိတ်သည် ကြည်နူးမှုလှိုင်းဂယက်တွင်
ထကြွလှုပ်ရှား လျက်ရှိ၏။

မနက်လင်းသည့်အခါတွင်
မိန်းမငယ်သည် အရည်ငါသီအား ရှိခိုးဦးချပြီးနောက်
မိမိသည် ဤတောအုပ်မှ ထွက်ခွာသွားတော့မည်ဟု
လျှောက်တင်ခြင်းပြု၏။

သူတော်စင်သည် မိန်းမငယ်၏
မျက်နှာကို စိုက်ကြည့်ပြီးနောက်
'သင်လိုရာသို့သွားလေတော့၊ သင်၏
ဆန္ဒသည်လည်း ပြည့်ဝစေသတည်း' ဟု ဆုပေး၏။

သူတော်စင်သည် နှစ်ပေါင်းများစွာ
ထိုနေရာတွင် တရားအားထုတ်၏။
ထိုစဉ် သိကြားမင်းသည် နတ်ဘုံမှဆင်းလာကာ
နိဗ္ဗာန်ဘုံသို့ ရောက်ပြီ ဖြစ်ကြောင်းဖြင့် လျှောက်တင်ခြင်းပြုလေ၏။

'နိဗ္ဗာန်ကို ငါမလိုပြီ'ဟုဆို၏။
အဘယ်ကိုလိုသနည်းဟု သိကြားမင်း မေး၏။
'ထင်းခွေမိန်းကလေးကို ငါ လို၏'ဟု သူတော်စင် ဖြေ၏။

# ရေကိုကန်းသည့် ကပ္ပိ

ရေကိုကန်းသည့် ကပ္ပိသည်
ဘုရား မ ခြင်း ခံရသူဟု အပြောခံရကြ၏။
ထို့ကြောင့် သူ့ထံသို့ ဆေးဝါးကုသရန်နှင့်
ဂါထာမန္တရားတို့ကို ရယူရန်
လူအများအပြား လာကြ၏။
သို့ရာတွင် ရေကိုဟန်းသည့် ကပ္ပိသည် စိတ်ညစ်လျက်ရှိ၏။
နိမ့်ကျသည့် မျိုးရိုးမှ မွေးလာခဲ့သည့်အတွက်
ကပ္ပိသည် တေးသီချင်းတို့ကို သီဆိုခြင်း၊
ဘုရားတရားကို ရှိသေခြင်းဖြင့်
အေးချမ်းစွာ နေထိုင်လို၏။
ထိုအဖြစ်မျိုးကို ပြန်၍ရရန်
ဘုရားထံ ဆုတောင်းခြင်းပြု၏။

ဇာတ်နိမ့်သူ ကပ္ပိ၏ ကျော်စောမှုကို
မနာလိုသူ ပုဏ္ဏားတို့သည်
အချင်းချင်း တိုင်ပင်စည်းဝေးကြလျက်
ပြည့်တန်ဆာမတစ်ဦးနှင့် ပူးပေါင်းကာ
သူ့အား အသရေဖျက်ရန် ကြံကြ၏။
ကပ္ပိသည် မိမိ၏ရေကိုဟန်းစင်မှ ထွက်သော
အထည်တို့ကို ရောင်းချရန် ဈေးသို့လာခဲ့၏။

ထိုစဉ် ပြည့်တန်ဆာမသည် သူ့လက်ဆွဲကာ
မိမိအပေါ်တွင် သစ္စာမဲ့သည့် အတွက်
အပြစ်တင်လျက် အိမ်သို့လိုက်လာခဲ့၏။
မိမိအားမပစ်ပါနှင့်ဟု အားလုံးကြားလောက်အောင်
အော်ဟစ်လျက် လိုက်ပါလာလေ၏။
ဘုရားသည် ငါ့အား ထိုက်သင့်သည့် အပြစ်ကို
ပေးလေပြီဟု ရက်ဟန်းသည်ကပ္ပိ
တစ်ကိုယ်တည်း ဆို၏။

အတန်ကြာသည့်အခါတွင် ပြည့်တန်ဆာမသည်
မိမိအမှုကို ထိတ်လန့်ကြောက်ရွံ့လျက်
ရက်ကန်းသည်ကပ္ပိ၏ ခြေရင်းတွင်ဒူးထောက်ကာ
'ကျွန်ုပ်အား အပြစ်မှ လွတ်ပါဘိ'ဟု
ငိုကြွေးတောင်းပန်ခြင်းပြု၏။
ထိုအခါ ရက်ဟန်းသည်က
'ဘုရား၏ အလိုတော်အတိုင်းသာ
ဖြစ်ကြကုန်၏'ဟု ဆို၏။

ရက်ကန်းသည် ကပ္ပိသည်
တေးဆိုလျက် ရက်ကန်းရက်၏။
သူ့တေးသံများသည် ပြည့်တန်ဆာမ နှလုံးကို
ရွှင်ပြုံးကြည်လင်လေ၏။

အပြန်အလှန်အားဖြင့်
ပြည့်တန်ဆာမ၏ အသံသည်လည်း
ရောက်ကန်းသည်၏ အိမ်ကို သာယာစေ၏။

တစ်နေ့တွင် ဘုရင်မင်းမြတ်သည် စိတ်ကူးရကာ
ရောက်ကန်းသည်ကပ္ပိအား သူ့ရှေ့တော်မှောက်တွင်
သီချင်းဆိုရန် ဆင့်ခေါ်၏။
ရောက်ကန်းသည်သည် ခေါင်းယမ်း၍ လိုက်ရန် ငြင်း၏။
သို့ရာတွင် စေတမန်သည် ဘုရင် စေခိုင်းလိုက်သည်ကို
မကျေပွန်သည့်အတွက် မပြန်ရဲဘဲ
သူ့အိမ်ရှေ့တွင် ထိုင်လျက် စောင့်၏။

ဘုရင်နှင့်အမှုးအမတ်များသည်
နန်းတော်ထဲသို့ လိုက်လာသော
ရောက်ကန်းသည်ကို ကြည့်၍
အံ့အားသင့်လျက်ရှိ၏။
အကြောင်းမူရောက်ကန်းသည်သည်
တစ်ယောက်တည်း လာခြင်းမဟုတ်ဘဲ
ပြည့်တန်ဆာမနှင့် အတူလာသောကြောင့် ဖြစ်၏။

အချို့က သူ့ကိုကြည့်၍ ပြုံးကြ၏။
အချို့က မျက်မှောင်ကုတ်ကြ၏။
ရေက်ကန်းသည်၏ အရှက်မဲ့ခြင်း၊
ဘဝင်မြင့်ခြင်းကို ကြည့်လျက်
ဘုရင်၏မျက်နှာသည် မည်းမှောင်လျက်ရှိ၏။

ကပ္ပိသည် အရှက်တကွဲဖြစ်လျက်
အိမ်သို့ ပြန်လာခဲ့၏။
ပြည့်တန်ဆာမသည် သူ၏ခြေရင်းတွင် ထိုင်၍ငိုယိုလျက်
'အို အရှင် အဘယ်ကြောင့် ကျွန်ုပ်အတွက်
အရှက်တကွဲအကျိုးနည်း အဖြစ်ခံရသနည်း၊
ကျွန်ုပ်အား ယခင်ဘဝသို့ ပြန်ခွင့်ပြုပါတော့'ဟု ဆို၏။

'ဘုရားသခင်သည် ငါနှင့်ထိုက်တန်သော အရေကို ပေး၏။
ထိုအရေကို စွန့်ပစ်ခြင်းငှာ မထိုက်'ဟု
ရေက်ကန်းသည် ကပ္ပိ ဆို၏။

## ကောင်းကင်ဘုံကို ပျောက်ဆုံးခြင်း

ထိုလူ၌ အလုပ်ကိုင်ဟူ၍ မည်မည်ရရမရှိ၊
ကျပန်း အလုပ်ကိုသာ လုပ်ကိုင်စားသောက်ရ၏။
ထို့ကြောင့် ကောင်းမှုအသေးအဖွဲကလေးများကို
ပြုလုပ်ပြီးနောက် နောင်ဘဝတွင်
နိဗ္ဗာန်သို့ ရောက်သွားသည့်အခါ
သူကိုယ်သူ များစွာ အံ့အားသင့်လျက်ရှိ၏။

လမ်းပြသည် သူ့ကို မှားယွင်းကာ
ကောင်းမှုကုသိုလ်ကို ပြုသူတို့သာ
ရောက်တတ်သည့် ကောင်းကင်ဘုံသို့
ခေါ်သွားလေ၏။ ကောင်းကင်ဘုံ၌ ဘုံသားတို့သည်
ကိုယ်စီကိုယ်င အလုပ်များလျက်ရှိကြ၏။

ကောင်းကင်ဘုံသို့ ရောက်သည့်အခါတွင်
ထိုလူသည် လမ်းမတကာတွင် လျှောက်သွားကာ
အချိန်ဖြုန်းလျက်ရှိ၏။
သူ့အပြုအမူသည် ကျန်ဘုံသူဘုံသားတို့အတွက်
အတားအဆီး အနှောင့်အယှက် ဖြစ်လျက်ရှိ၏။

လမ်းဘေးတွင် ရပ်နေသည့်အခါတွင်လည်း
ကြဲထားသည့် မျိုးစေ့များကို နင်းမိကုန်ပြီဟု
သူ့ကိုဒေန်မဲကြ၏။

သူ့ကို တွန်းထိုး ထုတ်ကြသည့်အခါတွင် သူ့ထံ၌ ထိုင်၏။
သူ့ကို တိုးဝှေ့သွားကြသည့်အခါတွင်
သူသည် လူအုပ်ထဲတွင် ပျောက်သွား၏။

အလုပ်များသည့် မိန်းမငယ်တစ်ယောက်သည်
ရေတွင်းမှ ရေခပ်၍ ပြန်လာ၏။
သူ့ခြေထောက်များသည် ကျောက်ကြိုးများပေါ်တွင်
ပြေးလွှားလျက်ရှိသော လက်ချောင်းများကဲ့သို့
စည်ကြိုးပေါ်တွင် ပြေးသွားလှုပ်ရှားလျက်ရှိ၏။
ထိုမိန်းမငယ်သည်
ခေါင်းမှဆံပင်တို့ကို
လျင်မြန်စွာ ထုံးဖွဲ့ခြင်း ပြု၏။
သူ့ခေါင်းမှ ပြေကျသော ဆံပင်တို့သည်
မျက်လုံးနက်နက်များပေါ်တွင်
ဝဲကျလျက်ရှိကုန်၏။

'သင်၏ အိုးကို ငါ့အား ငှားပါဦး'ဟု
ထိုလူက မိန်းမငယ်အား ပြော၏။
'ဘယ်ကြောင့်နည်း၊ ရေခပ်ရန်လော'ဟု မေး၏။
'မဟုတ်ပါ၊ အိုးတွင် ပန်းရုပ်တို့ ရေးရန် ဖြစ်ပါ၏'
'ဤသည်တို့အတွက် အချိန်မဖြုန်းနိုင်'ဟု ဆိုကာ
မိန်းမငယ်လည်း ထွက်ခွာသွားလေ၏။

အလုပ်ပြောဲ့ဆာသော သူသည်
အလုပ်မရှိ ပျင်းရိနေသူတို့အား
တွေ့ဆုံရန် အကြောင်းမရှိ၊
မိန်းမငယ်သည် ထိုသူကို ရေတွင်းတွင်
နေ့တိုင်း တွေ့၏။ တွေ့တိုင်းလည်း
ထိုလူသည် ရေအိုးကို ပန်းရုပ်ရေးရန် တောင်း၏။
နောက်ဆုံးတွင် မိန်းမငယ်က လိုက်လျှောလိုက်၏။

ထိုလူသည် ရေအိုးပေါ်တွင်
အပြောက်အမွှမ်းတို့ကို ရောင်မျိုးစုံဖြင့်
အဆန်းတကြယ် ရေး၏။
မိန်းမငယ်သည် ရေအိုးကို ကိုင်၍ ကြည့်၏။

'မည်သည့်အဓိပ္ပာယ်နည်း' ဟု မေး၏။
'မည်သည့်အဓိပ္ပာယ်မျှ မရှိပါ' ဟု ထိုလူက ဆို၏။

မိန်းကလေးသည် ရေအိုးကို ယူ၍
အိမ်သို့ ပြန်သွားလေ၏။
အိမ်သို့ရောက်လျှင် မီးရောင်သို့ ယူကာ
ထိုအိုးပေါ်တွင် ရေးခြယ်ထားသည့် အဓိပ္ပာယ်ကို ဖော်၏။
ညရောက်လျှင် မီးအိမ်ကို ထွန်းညှိကာ
အိုးကို သေသေချာချာကြည့်ပြန်၏။
ဤအကြိမ်သည် အဓိပ္ပာယ်မရှိသော အရာကို
ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်၏။

နောက်တစ်နေ့တွင် ရေတွင်းအနီး၌
ထိုလူကို တွေ့ပြန်သည်
'မည်သည့်အရာကို လိုသနည်း'ဟု
မိန်းကလေးက မေး၏။
'သင့်အတွက် နောက်ထပ်အလုပ်
လုပ်ပေးချင်ပါသေးသည်'
'မည်သည့်အလုပ်မျိုးနည်း'ဟု မိန်းမငယ်က မေး၏။
'သင်၏ ဆံပင်ကို ချည်နှောင်ရန်
ရောင်စုံပြက်သော ကြိုးတစ်ချောင်းကို ငါ ကျစ်ပေးပါအံ့'
'သင်ဘာကို အလိုရှိပါသနည်း'ဟု
မိန်းကလေးက မေး၏။
'ဘာကိုမျှ အလိုမရှိပါ'
ပန်းစည်းကြိုး ကျစ်ပြီးသည့်အခါတွင်
မိန်းမငယ်သည် ဆံပင်ကို ပြင်ရသည်နှင့် အချိန်ကုန်၏။

သို့ဖြင့် ကောင်းကင်ဘုံတွင်
သူ့အချိန်နှင့်သူ ရှိနေသည့်
အချိန်ဇယားတို့သည်ပျက်၏။
ကောင်းကင်ဘုံသည်
စည်းကမ်းပျက်စ ပြုလာ၏။
ဤတွင် အကြီးအကဲတို့သည်
ထိုကိစ္စကို စည်းဝေးတိုင်ပင်ကြကုန်၏။

လမ်းပြက သူ၏အမှားကို ဝန်ခံ၏။
မိမိသည် မှားသောလူတစ်ယောက်ကို
နေရာမှား၍ ခေါ်ဆောင်ခဲ့မိကြောင်းဖြင့် ပြော၏။
ထို့ကြောင့် ထိုလူခေါ်၍ စစ်ဆေးကြကုန်၏။
သူ၏ခေါင်းပေါင်းသည်
အရောင်မျိုးစုံဖြင့် တောက်ပလျက်ရှိ၏။
ဤသည်ကို ကြည့်၍ ထိုအမှားသည်
မည်မျှ ကြီးမားကြောင်းကို သိသာနိုင်သည်။
'သင်သည် လူ့ပြည်သို့ ပြန်သွားရအံ့'ဟု
အကြီးအကဲဥက္ကဋ္ဌက ပြော၏။
'အဆင်သည့် ရှိပါ၏'ဟု
ထိုလူက သက်ပြင်းချ၍ ဖြေ၏။
ဆံပင်တွင် ဖဲကြိုးနုည်ထားသည့် မိန်းကလေးက
'ဂျွန်မလည်း ပြန်ရန် အသင့်ရှိပါ၏'ဟု

အကြီးအကဲများသည် သူတို့တစ်သက်တွင်
အဓိပ္ပာယ်မရှိသောအဖြစ်ကို
ပထမဆုံး ကြုံတွေ့ရ၏။

အသွင်မတူ

မြစ်နှင့်ရေအိုင်တို့ ပေါင်းဆုံရာ
တောအုပ်အစပ်မှာ
ရုပ်ပျက်နေကြတဲ့ နတ်သမီးတွေရှိသတဲ့။
သူတို့ဟာ ပျံပြေးမှ
နတ်သမီးမှန်း သိကြရသတဲ့။

သည်တုန်းမှာ မင်းသားလေးတစ်ပါးဟာ
မြစ်နဲ့ရေအိုင်တို့ ဆုံစည်းရာဖြစ်တဲ့
တောအုပ်ကို ရောက်လာသတဲ့၊
ရေအိုင်နားရောက်တော့
ရေအိုင်ထဲက ကြာပွင့်ကလေးတွေ လှုပ်ယမ်းအောင်
ကမ်းပါးမှာထိုင်ပြီး
ရေကိုလက်နှစ်ဖက်နဲ့ ဆော့ကစားနေတဲ့
တောသူကလေးတစ်ယောက်ကို တွေ့သတဲ့။

'မင်းဟာ ဘယ်လို နတ်သမီးမျိုးလဲကွယ်'လို့
မင်းသားကလေးက တိုးတိုးကလေး မေးသတဲ့။

ဒီတော့ မိန်းကလေးက ရယ်သတဲ့၊
သူ့ရယ်သံဟာ တောတောင်အလုံးမှာ
ပဲ့တင်ထပ်လို့ နေသတဲ့။

သည်တော့ မင်းသားကလေးက
ကေန္တ သည်မိန်းကလေးဟာ ရေတံခွန်ကိုစောင့်တဲ့
အရယ် နတ်သမီး ဖြစ်မှာပဲလို့ ယူဆလိုက်သတဲ့။

မင်းသားကလေးဟာ နတ်သမီးနဲ့
စုလျားရစ်ပတ်တယ်ဆိုတဲ့သတင်းကို
ဘုရင်ကြီး ကြားသွားတယ်။
ဒါနဲ့ မင်းသားလေးကို နေပြည်တော်ကို ပြန်ခေါ်လာဖို့
စစ်သည်တွေ၊ မြင်းသည်တွေကို လွှတ်လိုက်သတဲ့။

မယ်တော်မိဖုရားကြီးက
သူ့ချွေးမကို မြင်တဲ့အခါကျတော့
စက်ဆုပ်လို့ မျက်နှာကို လွှဲပစ်လိုက်တယ်၊
နှမတော်လေးကလဲ သူ့ယောက်မကို မြင်တော့
ကြည့်ပြီး စိတ်မချမ်းသာ ဖြစ်နေတယ်။
ရုံရွှေတော်တွေကလဲ နတ်သမီးတွေဟာ
ဒီလိုပဲတော်ဖားကြသလားလို့ မေးသတဲ့။
သည်တော့ မင်းသားကလေးက
'အို သည်လို မဟုတ်ပါဘူး၊
ကျွန်တော့်နတ်သမီးလေးဟာ
နေပြည်တော်ကို ရုပ်ဖျက်ပြီးလာတာပါ'လို့ဖြေသတဲ့။

နှစ်စဉ် ပွဲတော်ကျင်းပတဲ့ တစ်နေ့ကျတော့
မိဖုရားကြီးက
‘သည်နေ့မှာ မယ်မယ်တို့ ဆွေတော်မျိုးတော်
သမီးကို ကြည့်ဖို့လာကြလိမ့်မယ်၊
သည်လို လာတဲ့အခါမှာ ရှက်ရွံ့ခြင်းမရှိပါနဲ့လို့
သားတော်ရဲ့ နတ်သမီးလေးကို ပြောပေးပါ’လို့
ပြောသတဲ့။

သည်တော့ မင်းသားကလေးကလဲ
‘သည်နေ့မှာ ဆွေတော်မျိုးတော်တွေ လာကြလိမ့်မယ်၊
ရုပ်ပျက်ပြီးမနေပါနဲ့၊ နဂိုအရှိအတိုင်းနေပါ’လို့ မှာသတဲ့။
နတ်သမီးလေးဟာ ဘာမှ မပြောဘဲ ထိုင်နေသတဲ့၊
မျက်ရည်တွေကတော့ ကျလို့တဲ့။

လပြည့်ဝန်းဟာ ရွှန်းရွှန်းကြီးသာနေတယ်။
မင်းသားကလေးက သတို့သားဝတ်ရုံကို ဝတ်ပြီး
သတို့သမီးရဲ့ စက်ရာအခန်းထဲကို ဝင်လာကဲ့တယ်။
စက်ခန်းထဲမှာ ဘယ်သူမှ မရှိဘူးတဲ့။
လရောင်ကလေးသာ ပြတင်းပေါက်က ဖြာကျနေတယ်။

ဘုရင်၊ မိဖုရားနှင့် ဆွေတော်မျိုးတော်တွေက
အရှေ့မှာ စောင့်နေကြတယ်၊
နှမတော်လေးလဲ ပါလာသတဲ့။

‘နတ်သမီး တိုင်းပြည်ကလာတဲ့
သတို့သမီး ဆိုတာဘယ်မှာလဲ’လို့
ဆွေတော်မျိုးတော်တွေက မေးကြတယ်။
သည်တော့ မည်းသားကလေးက
‘သင်တို့က ပကတိရုပ်ကို မြင်ချင်တဲ့ အတွက်
နတ်သမီးလေးဟာ ထာဝရပျောက် ကွယ်သွားပြီ’လို့ ပြောသတဲ့။

## ငှက်တို့၏ ကြွေးကြော်သံ

ညမေျမ်းရဲ့
မှိုင်းပြာပြာကို ခြုံထားတဲ့
တောင်ကျချောင်းကလေးဟာ
မီးချိုးတွေတောက်နေတဲ့
သန်လျက်တစ်စင်းနဲ့ တူနေတယ်။
သည်တုန်းမှာ ငှက်တစ်အုပ်က
ကိုယ့်ခေါင်းပေါ်က ဖြတ်ပြီး
အိပ်တန်းကို ပျံသွားကြလေရဲ့။
ကျယ်လောင်တဲ့ ရယ်မောသံကို ပြုတဲ့
သူတို့တောင်ပံတွေက
သူတို့ရဲ့ရင်ပေါ်တန်း ပျံသန်းမှုကို
ကြယ်တွေကြား လွင့်ပစ်လိုက်တဲ့
မြားတစ်စင်းနဲ့ တူအောင် လုပ်သလို ဖြစ်နေတယ်။

သူတို့ပျံသန်းမှုဟာ
မလှုပ်မယှက် တည်ငြိမ်နေတဲ့ အရာတွေလို
ပျံသန်းသွားချင်တဲ့ စိတ်တွေပေါ်လာအောင်
နှိုးဆွပေးသလို ဖြစ်နေတယ်။

တောင်တန်းကြီးတွေဟာ
သူတို့ရင်ခွင်ထဲမှာ မိုးတိမ်တိုက်တွေဖြစ်ချင်တဲ့ ဆန္ဒတွေ
တဖွားဖွား ပေါ်ပေါက်လာတာကို
ခံစားနေကြသလိုပဲ။
သစ်ပင်တွေကတော့
သူတို့ရဲ့အမြစ် အနှောင်အဖွဲ့တွေက
လွတ်မြောက်အောင် ရုန်းထွက်ချင်နေတဲ့ပုံပဲ။

ကိုယ့်အဖို့တော့
ငှက်တွေ ပျံသန်းသွားတာဟာ
တိတ်ဆိတ်ငြိမ်သက်မှုခြုံလွှာကြီးကို
ဆုတ်ဖြဲပစ်လိုက်တာနဲ့ တူနေတယ်။
နက်ရှိုင်းတဲ့ တိတ်ဆိတ်မှုကြီးထဲမှာ
ကြီးမားတဲ့ လှုပ်ရှားမှုကြီးတစ်ခုကို
မြင်လိုက်ရသလိုပါပဲ။

ကိုယ့်စိတ်ထဲမှာ
တောင်တန်းတွေ၊ တောအုပ်တွေဟာ
အချိန်ကာလကို ဖြတ်သန်းပြီး
မသိနိုင်တဲ့ နေရာ တစ်ခုနေရာကို
ပျံသန်းနေတယ်လို့ ထင်မိတယ်။
ကြယ်တွေကလဲ တောင်ပံတွေ
တဖျပ်ဖျပ်ခတ်ပြီး ပျံလို့

အနောင်ထုကြီးသည်ပင်ဖြောင်
မီးချို့လို လှုပ်ရှားလာပြီး
ပျံသန်းနေတယ် ထင်မိရဲ့။

ကိုယ့်ခန္ဓာကိုယ်ထဲမှာ
ဘဝနဲ့မရောကြတို့ ပျော်ငြိမ်းရာ
ကမ်းတစ်ဘက်ကို သွားနေတဲ့
ပင်လယ်ကို ဖြတ်ပျံနေတဲ့ ငှက်ရဲ့
လှုပ်ရှားမှုကို ခံစားရတယ်။

'အပြင်းတို့ လာကြကုန်၊
ဤနေရာတွင် မနေကြကုန်နှင့်၊
တမလွန်၏တစ်နေရာရှိ ရင်ခွင်သို့ လာကြကုန်'လို့
ငှက်လေးကကြီးက တစ်ခဲနက်အသံနဲ့
ကြွေးကြော်ဟစ်ခေါ်နေတယ်လို့ ထင်မိတယ်။

## အနုပညာ၏ ဝေဒန

လူအုပ်ကြီးဟာ ကဂသိအမည်ရှိတဲ့
အဆိုကျော်ရဲ့ အသံကို တအံ့တသြနဲ့
နားထောင်နေကြတယ်။
သူ့တေးသံဟာ
ဒေးကဒေးပြနေတဲ့ ဒေးသဒေးလက်ထဲက
ဒေးသွားတစ်ချောင်းလို
ဝှေ့ယမ်းကခုန်လို့။
အစိတ်စိတ် အမွှာမွှာဖြစ်အောင်
ခုတ်ဖြတ်လို့ တက်ကြွဖွယ် လှုပ်ရှားလို့။

နားထောင်နေသူတွေထဲမှာ
မောပန်းနွမ်းနယ်စွာနဲ့ သည်းခံ နားထောင်နေတဲ့
ဒေဗပရတ္တလဲပါတယ်။
ဘဝတစ်သက်မှာ ဒေဗပရတ္တဟာ
လှပပြီး မြစ်နေယဉ်ဖြာစီးတဲ့
ချော်စဒေ တိုင်းပြည်တစ်ပြည်လို
နှစ်လိုဖွယ်ကောင်းတဲ့
ဘာဒေဇေလာရဲ့ တေးသီချင်းတွေကို
နားထောင်ကြီးပြင်းလာခဲ့ရတာကိုး။

ဘာဒေဇလာရဲ့ တေးသီချင်းတွေဟာ
သူရဲ့ မိုးရွာတဲ့ ညချမ်းပျောနဲ့
တိတ်ဆိတ်တဲ့ နွေနှောင်းနေ့တွေကို
သီဆိုပြနေသလို ခံစားခဲ့ရသတဲ့။
ပြီးတော့ သူရဲ့ပျော်စရာ ညတွေဟာ
ဒီတေးသီချင်းတွေနဲ့
သူတို့ရဲ့ မီးအိမ်တွေကို ထွန်းညှိကြပြီး
ချူသံတွေဟာလဲ တေးသီချင်းတွေကို
စည်းလိုက်ပေး ကြသတဲ့။

အဆိုတော် ကာသိဟာ ခဏနားနေတုန်းမှာ
ဒေဇပရတ္တာဟာ သီချင်းသည် ဘာဒေဇလာကို ပျက်စိမှိတ်ပြီး
အို အရှင်၊ ကျွန်ုပ်တို့ တကယ့် ဂီတကို နားဆင်ကြပါအံ့
အကြောသေနေသည့် ကြွက်ကိုကိုက်သော
ကြောင်ကဲ့သို့ အော်သံကိုပြုသော
ဤတေးသစ်ပျောကား
နားငြီးဖွယ် ကောင်းလှ၏’လို့
တိုးတိုးပြောသတဲ့။

အိုမင်းတဲ့ အဆိုတော် ဘရောဇလောက
ဖြူဖွေးနေတဲ့ ဦးခေါင်းထုပ်ကြီးကို ရစ်လို့
ပရိသတ်ကို ဦးညွှတ်ပြီး စင်ပေါ်မှာ ရပ်တယ်။
သေးကွေးတဲ့ လက်ချောင်းတွေနဲ့ သူ့ဗောင်းကို တီးတယ်။
မျက်လုံးတွေကို မှိတ်ပြီး
တေးကို စပြီး ဆိုတယ်။ ခန်းမကြီးက အကျယ်ကြီးပဲတဲ့၊
ဒါပေမယ့် အဆိုတော်ကြီးက အသက်ကြီးတော့
သိပ်ပြီး အော်မဆိုနိုင်ဘူး။
ဒီတော့ ဂေဗပရုတ္တက 'ကောင်းစွ'လို့
လူကြားအောင် ကြွေးကြော်ပြီးမှ
'နည်းနည်း အော်ဆိုပါဘိ'လို့
တိုးတိုးလေး ပြောသတဲ့။

ပရိသတ်က လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။
တချို့က သမ်းကြတယ်။
တချို့က ငိုက်နေကြတယ်။
တချို့က ပူအိုက်လှချည့် ဆိုပြီး
ညည်းနေကြတယ်။
ခန်းဆောင်ထဲမှာ အသံတွေ
ဆူဆူညံညံ ဖြစ်လာတယ်။

ဘာခေဗေလာရဲ့ တေးသံဟာ
လှေငယ်ကလေး တစ်စင်းလို
ခန်းမဆောင်ထဲက ဆူညံနေတဲ့
အသံလှိုင်းတွေပေါ်မှာ
နိမ့်ချည် မြင့်ချည် ဖြစ်ပြီး
ခဏကြာတော့ လှိုင်းလုံးကြီးတွေအောက်မှာ
မြုပ်သွားတော့တယ်။

သည်တုန်းမှာ အဆိုတော်အိုကြီးဟာ
မွန်ထူပြီး ဒေသားတချို့ကို
မေ့သွားတယ်၊
သူ့အသံဟာ ရှေ့ဆက်လို့ မရဘဲ
စမ်းတဝါးဝါးဖြစ်နေတယ်။
ပွဲဈေးထဲမှာ တွဲလာတဲ့လူ ပျောက်သွားတဲ့
ကျက်ကန်း တစ်ယောက်လို ဆိုပါတော့၊
မေ့နေတဲ့ နေရာကို အသံတွေ ဖြည့်ပြီး
ဆိုဖို့ ကြိုးစားကြည့်တယ်။
ဒါပေမယ့် မရဘူး။
မေ့မြဲမေ့ပြီး
ကွက်လပ်ကြီး ဖြစ်ဖြစ်နေတယ်။

ပင်ပန်းဆင်းရဲလှပြီ ဖြစ်တဲ့ သူ့အသံဟာ
သူခိုင်းစေမှုကို ငြင်းဆန်နေတယ်။
ပြီးတော့ အသံဟာ ပြောင်းသွားပြီး
အဆိုတော်ကြီးဟာ ရှိုက်ကြီးတငင် ငိုချလိုက်တယ်၊
သူ့ခေါင်းဟာ စောင်းပေါ်ကို ငိုက်ကျသွားတယ်၊
ဂီတသံအစေး သူ့နှုတ်က
ကမ္ဘာလောကကြီးကို ပထမဆုံး ရောက်လာတဲ့
ကလေးငယ်ရဲ့ ငိုသံမျိုးပဲ ထွက်လာတယ်။

သည်တော့ ဂေုဇပရုတ္တက
သူ့ပခုံးကို လက်နဲ့တို့ပြီး
'လာလော့ မိတ်ဆွေ၊ ဤနေရာသည် ငါတို့နေရာ မဟုတ်၊
အချစ်မရှိသောနေရာ၌
အမှန်တရားသည် မုဆိုးမဖြစ် ကျန်ရစ်ခဲ့၏။
အလှတရားသည်
လူအများရှိသည့် နေရာတွင် မရှိကုန်၊
ယခုပစ္စုပ္ပန်တွင် မရှိကုန်'လို့
တိုးတိုးပြောလိုက် ငါသတဲ့။

## ဟိမဝန္တာ၏ တွေးဆအုပ်

အို ဟိမဝန္တာ၊
ကမ္ဘာမြေကြီး နုနယ်စဉ် အခါက
သင်သည်
ကွဲအက် သွားသော ကမ္ဘာမြေကြီး၏
ရင်မှပေါ်ထွက်လာခဲ့ပြီးနောက်
မီးလျှံကဲ့သို့တောက်လောင်သော
စိန်ခေါ်မှုမျိုးဖြင့် နေမင်းကို ပြိုင်ခဲ့၏။
ထို့နောက်
'ဤလောက်ဆိုလျှင် တော်လောက်ပြီ'ဟု
သင့်ကိုယ်သင် နှစ်သိမ့်ကာ
တိမ်တိုက်တို့၏ လွတ်လပ်မှုမျိုးကို
တောင့်တခဲ့သည့် သင့်နှလုံးသားသည်
နတ်နိမိတ်ကို တွေ့ရှိသွားကာ
အတိုင်းအဆမရှိသော
အာကာသကို အလေးပြုလျက်
ငြိမ်သက် ရပ်တန့် သွားခဲ့၏။
သင်၏ အလိုဆန္ဒကို
ဤသို့ ချုပ်တည်းပြီးနောက်
သင်၏ရင်အုံတွင် အလှတရားသည်
ပေါ်ပေါက်လာခဲ့၏။
လွတ်လပ်စွာ လွန့်လူးလာခဲ့၏။

ယုံကြည်ခြင်းတရားသည် ပန်းပွင့်များ၊
ငှက်များနှင့် သင့်ကို ဝန်းရံစေခဲ့၏။

သင်သည်
ဧတွင် စိတ်ဝင်စားသူတစ်ဦးကဲ့သို့
မလှုပ်မယှက် ထိုင်၏။
ကျောက်ဆောင်တောင်တန်း စသည်
ဓာမြက်နှာတို့ဖြင့်ပြီးသော
ရှေးဟောင်းဧအုပ်ကြီးကို
သင့်ပေါင်ပေါ်တွင် တင်၏။
ထိုဓာမြက်နှာတွင် ညည်သည့်ဝတ္ထုတို့
ရေးသားလေသနည်းဟု ငါတွေးတောမိ၏။
အားနွဲ့သူအား ပိုးပန်းသော
အားကြီးသူ၏ ဇာတ်လမ်းအကြောင်း ရေးထားသည့်
သီဝနတ်မင်းနှင့် အချစ်နတ်သမီး ဘဝဏီတို့၏
ထာဝရထိမ်းမြားခြင်း ဇာတ်လမ်းလေလာဟု ငါတွေးမိ၏။

## ကိုယ်နဲ့ ကိုယ့်လောက

ကိုယ့်မျက်လုံးတွေဟာ ကောင်းကင်ကြီးရဲ့
နက်ရှိုင်းတဲ့ ငြိမ်းချမ်းမှုကို ခံစားမိတယ်။
အဲဒီအခါမှာ နေရောင်ခြည်ကို ထည့်ဖို့
ခွက်တွေနဲ့ တူတဲ့ သူ့သစ်ရွက်တွေကို
ဆန့်တန်းလိုက်တဲ့ သစ်ပင်တစ်ပင် ခံစားရသလို
ကိုယ့်စိတ်ဟာလဲ လှုပ်ရှားလာတယ်။

နေရောင်ခြည်မှာ မြက်တောထဲက
နွေးထွေးတဲ့အငွေ့တွေ ထွက်လာသလို
ကိုယ့်စိတ်ထဲကလဲ
အတွေးတွေ
ပေါ်ပေါက်လာကြတယ်။

ဒီအတွေးတွေဟာ
ကမ်းစပ်ကို တပျပ်ပျပ် ရိုက်နေတဲ့
ရေလှိုင်းတွေလို
ကိုယ့်ရင်ထဲမှာ တပျပ်ပျပ်
ရိုက်ခတ်နေကြတယ်။

ဒီအတွေးတွေဟာ
ကမ်းစပ်ကို တချပ်ချပ် ရိုက်နေတဲ့
ရေလှိုင်းတွေရဲ့ ရယ်သံ၊
နွားလမ်းကလေးတွေထဲမှာ
မောပန်းစွာ သက်ပြင်းချနေတဲ့
လေရဲ့သက်ပြင်းချသံတွေနဲ့
ရောနှောသွားကြတယ်။

ဒီအတွေးတွေဟာ
ဒီကမ္ဘာလောကကြီးရဲ့ သက်တမ်းနဲ့အမျှ
ကိုယ်နဲ့အတူနေခဲ့တဲ့ အတွေးတွေ
အချစ်နဲ့သောကတွေကို
ပေးခဲ့တဲ့ အတွေးတွေလေ။

ဆုတောင်း

ငါ့အား အချစ်၏ သတ္တိခွန်အားတို့ကို
ပေးသနားပါဘိ။
ပြောရဲသော သတ္တိ၊ လုပ်ရဲသော သတ္တိ၊
သင်၏အလိုတော်ကို
ခံနိုင်သော သတ္တိ၊
အရေးတွေများကို စွန့်လွှတ်ရဲသောသတ္တိတို့ကို ပေးသနားပါဘိ။
စွန့်စားရသည့် အလုပ်များတွင်
ငါ့အား ခိုက်ကျည် စေပါဘိ။
ငါ့အား ဝေဒနာဖြင့် ဂုဏ်ပြုပါဘိ။
နေ့စဉ်နှင့်အမျှ သင့်ကို ပူဇော်လိုသည့်
စိတ်ဓာတ်တည်းဟူသော
ထောင်ထွတ်ကို တက်နိုင်ရန်
ငါ့အား ကူညီပါဘိ။
ဤသည်ပင်လျှင် ငါ၏ဆုတောင်းဖြစ်၏။

အချစ်၏ ယုံကြည်ကိုးစားမှုကို
ငါ့အား ပေးပါဘိ။
သေသည့်အခါတွင် ဘဝကို ယုံကြည်စိတ်၊
ရှုံးနိမ့်သည့် အခါတွင် အောင်မြင်ခြင်းကို ယုံကြည်စိတ်၊
အနုနယ်ဆုံးသော အလှတွင်
ပုန်းကွယ်နေသည့် တန်ခိုးစွမ်းပကားကို ယုံကြည်စိတ်၊
ဝေဒနာခံစားရသည့် အခါတွင်
နာကျင်ခြင်းကို လက်ခံကာ
ထိုဝေဒနာကို နောက်တစ်ဖန် ပြန်မဖြစ်ရန်
တွန်းလှန်လိုစိတ်တို့ကို
ငါ့အား ပေးပါဘိ။
ဤသည်ပင်လျှင် ငါ့ဆုတောင်း ဖြစ်ပါ၏။